The Mirror Daily

၁၉၅၇ ပြေီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါပြုမိလျှင် ထိုကောင်းမှုကို ထပ်ကာထပ်ကာ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမှုကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ တနင်္လာနေ့။ Monday, 3 February 2025 ၁၁၇၂၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မန်းရွှေစက်တော်ဘုရားကြီး၏ (၂၅၉၁)ကြိမ်မြောက် ဗုဒ္ဓပါဒပူဇနိယဘုရားပွဲတော်ဖွင့်ပွဲ ကျင်းပ

## ဖေဖော်ဝါရီ ၂ ရက်မှ ပြေီ ၁၇ ရက်အထိ (၇၅)ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

မင်းဘူး ဖေဖော်ဝါရီ ၂

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီး၏ (၂၅၉၁)ကြိမ်မြောက် ဗုဒ္ဓပါဒပူဇနိယဘုရားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



**ယနေ့ ဖတ်စရာ**



**လမြတ်တပို့တွဲ၏ စည်းလုံးညီညွတ်ခြင်းအားမာန်**

ဆောင်းပါး စာမျက်နှာ » ၆

**စွန့်ဦးတီထွင် MSME လုပ်ငန်းရှင်တွေ ပေါ်ထွန်းလာစေဖို့ ဒစ်ဂျစ်တယ်ကော်နာမှာ ထွန်းသစ်စနည်းပညာတွေကိုအသုံးပြုပြီး ပြသသွားမှာဖြစ်ပါတယ်**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၉

**အေအိုင်ပြိုင်ဆိုင်မှု ခြေလှမ်းသစ်**

နည်းပညာနှင့် သုတကမ္ဘာ
စာမျက်နှာ » ၂၃

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဖေဖော်ဝါရီ ၂

| | | |
|---|---|---|
| နမ့်စန် | ၂ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၃ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၄ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၄ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၅ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၅ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၆ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |

# ပေါင်းတည်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးသူ များပြားလာ

ပေါင်းတည် ဖေဖော်ဝါရီ ၂

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ကောက်စိုက်စက်များဖြင့် နွေစပါးစိုက်ပျိုးမည့် တောင်သူများသည် မျိုးကောင်းမျိုးသန့် မျိုးစေ့များရွေးချယ်၍ ပေါင်စနစ်ဖြင့် ပျိုးထောင်လျက်ရှိကြကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

ယခုနှစ်တွင် ကောက်စိုက်စက်ကြီးများဖြင့် လည်းကောင်း၊ လေးတန်းသွား၊ ခြောက်တန်းသွား

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒



ပေါင်းတည်မြို့နယ်၌ စပါးမျိုးများ ပျိုးထောင်ထားမှုကို တွေ့ရစဉ်။

ကြေးမုံ

# ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်ထူထောင် အခြားကဏ္ဍများဖွံ့ဖြိုးရေးဆောင်ရွက်

မြန်မာနိုင်ငံသည် သဘာဝကပေးထားသည့် ရာသီဥတု၊ မြေအနေအထား၊ တည်နေရာ၊ မြေမျက်နှာပြင် အခြေအနေတို့အရ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းသည့်နိုင်ငံဖြစ်ခြင်းကြောင့် အခြေခံအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားလုပ်ဆောင်သည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး လူဦးရေ ၄၅ ဒသမ ၃ ရာခိုင်နှုန်းခန့်သည် လယ်ယာ၊ သားငါး၊ သစ်တောနှင့် ဆက်စပ်လုပ်ငန်းများ လုပ်ကိုင်ကြသည်။

ထိုအခြေခံလုပ်ငန်းများဖြင့် နိုင်ငံအစဉ်အဆက် ရပ်တည်လာခဲ့ပြီး တစ်ချိန်သောကာလက အဆိုပါထုတ်ကုန်ပစ္စည်းများကို နိုင်ငံတကာကပင် နှစ်သက်သဘောကျ ဈေးကွက်ဝင်မျက်နှာပန်းလှခဲ့သည်။ မျက်မှောက်ကာလတွင် ထိုအရင်းအမြစ်များနှင့်ပင် ရပ်တည်လာခဲ့သော်လည်း ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော ပညာနှင့် နည်းစနစ်များ၊ အရင်းအနှီးနှင့် သဘာဝဘေးအန္တရာယ်များစသည့်စိန်ခေါ်မှုတို့ကို ရင်ဆိုင်ကျော်လွှားနိုင်စွမ်းရှိသည့် စွမ်းပကားများ အားနည်းမှုတို့ကြောင့် စီးပွားရေးတွင် ထင်သလောက်ခရီးမပေါက်သေးဘဲရှိနေသည်။ မြန်မာနိုင်ငံရှိ လူဦးရေ ၅၀ ရာခိုင်နှုန်းကျော်သည် ပညာရေး၌ အသင့်အတင့်အဆင့်သာရှိပြီး အခြေခံစီးပွားရေးတွင် အစဉ်အလာ သမားရိုးကျလုပ်ကိုင်မှုများဖြင့်သာ ရပ်တည်လာခဲ့ကြသည်။

မြန်မာနိုင်ငံသည် တစ်ချိန်သောအခါက ပြည်ပသို့ဆန်တင်ပို့မှုတွင် ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ဆီထွက်သီးနှံအမျိုးမျိုးသည်လည်း ပြည်တွင်းအတွက်လုံလောက်မှုရှိခဲ့သည်။ မျက်မှောက်ကာလတွင် အဆိုပါ စိန်ခေါ်မှုအမျိုးမျိုးတို့ကြောင့် အရည်အသွေး၊ အရေအတွက်ပြည့်မီအောင် ထုတ်လုပ်နိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ ဆန်တင်ပို့မှုတွင် ဦးဆောင်နိုင်ငံမဖြစ်တော့ဘဲ ဆီထွက်သီးနှံများတွင်လည်း ပြည်ပမှ စားသုံးဆီကို နှစ်စဉ် ဒေါ်လာသန်း ၅၀၀ ကျော်ဖိုး တင်သွင်းနေရသည်။ ထို့ကြောင့် ဆီထွက်နှုန်းကောင်းသည့် နှမ်းနှင့် နေကြာကို တိုးချဲ့စိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်ထွက်ရှိရေး၊ ပြည်တွင်းဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ပြည်ပသို့တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေသည်။

မြန်မာနိုင်ငံတွင် ၂၀၂၄-၂၀၂၅ စိုက်ပျိုးရာသီအတွင်း မိုးစပါးစိုက်ပျိုးဧက ၁၄ ဒသမ ၈ သန်းကျော်၊ နွေစပါးစိုက်ပျိုးဧက ၂ ဒသမ ၀၉ သန်းကျော်၊ ပြောင်းမျိုးစုံစိုက်ပျိုးဧက ၂ ဒသမ ၁ သန်းကျော်၊ ဆီထွက်သီးနှံစိုက်ပျိုးဧက ၃ ဒသမ ၂ သန်းကျော်နှင့် ပဲမျိုးစုံစိုက်ပျိုးဧက သုံးသန်းကျော်စိုက်ပျိုးပြီးဖြစ်သည်။ စိုက်ပျိုးပြီးသည့် စပါးအပါအဝင် အခြားသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုသည်။ မွေးမြူရေးလုပ်ငန်းတွင်လည်း အစာနှင့်ရေကို စနစ်တကျ တိုက်ကျွေးသည့်စနစ်ဖြင့် ဒေသတွင်းကုန်ကြမ်းများကို အသုံးပြုပြီး အောင်မြင်ဖြစ်ထွန်းသည့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းလာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် အခြေခံကောင်းများရှိပြီးဖြစ်၍ ဦးစားပေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် စီးပွားရေးဦးတည်ချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး ဦးတည်ချက်ကိုလည်း ချမှတ်ထားသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ ဈေးနှုန်းကြီးမြင့်ခြင်းကိုကျော်လွှားနိုင်ရေး ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ရန်နှင့် သီးထပ်စွမ်းအား နှစ်ဆမှ သုံးဆအထိရရှိရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်တွင်းမှ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို မြှင့်တင်နိုင်ရေးနှင့် ပြည်ပမှ တင်သွင်းကုန်များ လျှော့ချရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်။ ကုန်ထုတ်လုပ်မှုတိုးမြှင့်နိုင်မှသာ ၎င်းတို့နှင့်ဆက်စပ်နေသည့် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာမည်ဖြစ်သည်။ ပြည်ပမှ သွင်းကုန်များ လျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုလည်း လျော့ကျလာစေမည်ဖြစ်သည်။ သို့မှသာ ပြည်တွင်းငွေကြေးခိုင်မာမှုရှိလာပြီး ကုန်ဈေးနှုန်းတည်ငြိမ်မှုကိုပါ အထောက်အကူပြုလာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုကို နှစ်ဆတိုးမြှင့်နိုင်ရန် နိုင်ငံတော်အစိုးရက ကုန်ထုတ်လုပ်သူများကို ကူညီဖြည့်ဆည်းပေးပြီး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ရေခံမြေခံသဘာဝကို အခြေခံသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ခေတ်မီစိုက်ပျိုးမွေးမြူရေးနည်းစနစ်များကို အသုံးပြုပြီး ထွက်ရှိသည့်ထွက်ကုန်များကို စက်မှုနည်းပညာများနှင့် ပေါင်းစပ်အသုံးပြုကာ ပြည်တွင်းကုန်ထုတ်လုပ်မှုများ အရည်အသွေး၊ အရေအတွက် မြင့်မားတိုးတက်လာအောင် ဝိုင်းဝန်းပူးပေါင်းလက်တွဲကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၁၆၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၇၁၆၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၂-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၈၀ | ၃၂၉၅ | ၃၂၆၀ | ၃၃၉၅ | ၃၃၀၀ | ၃၃၃၅ | ၃၃၃၅ | ၃၂၅၅ | ၄၅၀၅ | ၃၅၄၅ | ၃၂၇၀ | ၃၂၇၀ | ၃၃၄၀ | ၃၃၀၅ | ၃၃၃၀ | ၃၅၈၅ | ၄၃၀၀ |
| 95 Ron | ၃၂၆၀ | ၃၃၇၅ | ၃၃၅၀ | ၃၂၇၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၁၀ | ၃၃၃၀ | ၄၅၆၀ | ၃၆၂၅ | ၃၃၅၀ | ၃၃၅၀ | ၃၄၂၀ | ၃၃၀၅ | ၃၄၀၅ | ၃၆၆၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၈၂၀ | ၂၉၃၀ | ၂၈၉၅ | ၂၈၃၀ | ၂၉၃၅ | ၂၉၅၅ | ၂၉၇၀ | ၂၈၉၀ | - | ၃၁၈၀ | ၂၉၀၅ | ၂၉၀၅ | ၂၉၇၅ | ၂၉၄၀ | ၂၉၆၅ | ၃၂၂၀ | ၄၃၀၀ |
| HSD (50 ppm) | ၃၄၈၅ | ၃၆၀၀ | ၃၅၆၅ | ၃၅၀၀ | ၃၆၀၅ | ၃၆၂၀ | ၃၆၄၀ | ၃၅၅၅ | ၄၈၃၀ | ၃၈၅၀ | ၃၅၇၅ | ၃၅၇၅ | ၃၆၄၅ | ၃၆၁၀ | ၃၆၃၅ | ၃၈၉၀ | - |
| HSD (10 ppm) | ၃၄၈၅ | ၃၆၀၀ | ၃၅၆၅ | ၃၅၀၀ | ၃၆၀၅ | ၃၆၂၀ | ၃၆၄၀ | ၃၅၅၅ | - | ၃၈၅၀ | ၃၅၇၅ | ၃၅၇၅ | ၃၆၄၅ | ၃၆၁၀ | ၃၆၃၅ | ၃၈၉၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၀၇ | ၃၁၀၅ |
| 95 Ron | ၃၀၈၂ | ၃၁၇၈ |
| HSD (500 ppm) | ၂၆၅၄ | ၂၇၁၆ |
| HSD (50 ppm) | ၃၃၀၂ | ၃၃၉၈ |
| HSD (10 ppm) | ၃၃၀၂ | ၃၃၉၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အင်အားအနည်းငယ်ရှိသောမြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၂

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် မြန်မာစံတော်ချိန် ၉ နာရီ၊ ၄၇မိနစ်၊ ၀၄ စက္ကန့်အချိန်တွင် နေပြည်တော် မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၆ မိုင်ခန့်အကွာ မြန်မာနိုင်ငံပြည်တွင်း (ဇမ္ဗူသီရိမြို့၏ အနောက်မြောက်ဘက် ၁၅ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၉ ဒသမ ၉၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၉၅ ဒီဂရီ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၃ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။ မိုး/ဇလ

## ၂-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၄၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

**( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )**



နေပြည်တော် လယ်ဝေးမြို့ နဂါးရုံတစ်ထောင် စမတောင်ကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တဝံသသီရိနှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်တို့က မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပါဒ ပူဇနိယပွဲတော် ဖွင့်ပွဲအထိမ်းအမှတ် မင်္ဂလာမုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

✪ ရွှေဖုံးမှ

ဦးစွာ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထွန်းဦး၊ မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးနှင့် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပါဒ ပူဇနိယပွဲတော် ဖွင့်ပွဲအထိမ်းအမှတ် မင်္ဂလာမုခ်ဦး ဆိုင်းဘုတ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

**ငှက်လွှတ်ခြင်းနှင့် ငါးလွှတ်ခြင်းများဆောင်ရွက်**

ထို့နောက် နေပြည်တော် လယ်ဝေးမြို့ နဂါးရုံတစ်ထောင် စမတောင်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာမင်္ဂလာဓမ္မဇောတိကဓဇ ထေရဝါဒဗုဒ္ဓသာသနဇောတိက ဒေါက်တာဘဒ္ဒန္တဝံသသီရိနှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်တို့က မင်္ဂလာမုခ်ဦး ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပြီး တာဝန်ရှိသူများက ဇီဝိတဒါနအဖြစ် ငှက်လွှတ်ခြင်းနှင့် ငါးလွှတ်ခြင်းများ ဆောင်ရွက်သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် နေပြည်တော် ပျဉ်းမနားမြို့ အောင်စည်သာကျောင်း ဆရာတော် ဘဒ္ဒန္တဝိစက္ခဏနှင့် နေပြည်တော် လယ်ဝေးမြို့ နဂါးရုံတစ်ထောင် စမတောင်ကျောင်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဝံသသီရိ အမှူးပြုသော ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အောက်စက်တော်ရာ (ခြေတော်ရာ) အလင်းပေါက်ဖန်အုပ်စောင်းတော်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ခြင်း၊ အထက်စက်တော်ရာပါဒစေတီတော်မြတ် သံတံခါးအား ဖွင့်လှစ်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး နမ္မဒါရေစင်နှင့် အမွှေးနံ့သာရည်များ သွန်းဖျန်း၍ ရွှေသင်္ကန်းများကပ်လှူပူဇော်ကာ ပင့်ဖိတ်ထားသော ဩဝါဒါစရိယ ဆရာတော်ကြီးများက ဗုဒ္ဓပါဒစေတီတော် (ခြေတော်ရာ)နှစ်ဆူနှင့် အောက်စက်တော်ရာ (ခြေတော်ရာ)အနီးရှိ ဘုရားဝတ္တကနယ်မြေ၌ အသစ်တည်ထားကိုးကွယ်သော ဆုတောင်းပြည့်လိုတရ နမ္မဒါ နဂါးရုံဘုရားအား ဗုဒ္ဓါဘိသေက အနေကဇာတင်ဘိသိက်သွန်းတော်မူသည်။

ယင်းနောက် မန်းရွှေစက်တော်ဘုရား သုံးထပ်ဆောင် သာသနာ့ဗိမာန်တော်၌ (၂၅၆၁)ကြိမ်မြောက် မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပါဒစေတီတော်နှစ်ဆူ ဖွင့်လှစ်ပူဇော်အောင်မြင်ခြင်း အထိမ်းအမှတ် ဒါနသီလဘာဝနာကုသိုလ်ပြု အလှူတော်မင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသူများက ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ပရိတ်တရားတော်များ နာယူကြည်ညိုကြ၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီးသည် မြန်မာနိုင်ငံ၏ (က)အဆင့်စာရင်းဝင်ဘုရားကြီးဖြစ်ပြီး မြန်မာနိုင်ငံအတွင်း၌ ထင်ရှားကျော်ကြားပြီး ရက်အရှည်ကြာဆုံးသော ဘုရားပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း၊ ယခုနှစ် မန်းရွှေစက်တော်ရာပါဒစေတီတော် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန်ရုံးပိတ်ရက်အပါအဝင် **(တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်ထိ)** ရက်ပေါင်း ၇၅ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရဟန်းရှင်လူ မိဘပြည်သူများ ညအိပ်တည်းခို နားနေနိုင်စေရန် တည်းခိုဆောင်အခန်းပေါင်း ၃၀၀ ကျော်နှင့် ဈေးဆိုင်ခန်းပေါင်း ၃၅၀ ခန့်ကို ဆောက်လုပ်ပေးထားပြီး ယခုအခါ (၂၅၆၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးအဖြစ် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

**မောင်မောင်(မင်းဘူး)**



မန်းရွှေစက်တော်ဘုရားကြီးသို့ လာရောက်ကြသည့် ဘုရားဖူးရဟန်းရှင်လူများ တည်းခိုနားနေနိုင်စေရန် တည်းခိုဆောင်များ တည်ဆောက်ထားမှုကို တွေ့ရစဉ်။

❒ ပေါင်းတည်မြို့နယ်မှ

လက်ဆွဲ ကောက်စိုက်စက်များဖြင့်လည်းကောင်း နွှေစပါးစိုက်ပျိုးသူ များပြားလာကြောင်း သိရပြီး ထိုသို့ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးမည့် တောင်သူများသည် ဦးစွာ မျိုးစေ့ရွေးချယ်၍ ပျိုးဗန်းများ၊ ပျိုးပေါင်များဖြင့် ပျိုးထောင်ကာ သတ်မှတ်ပျိုးသက်တမ်းပြည့်လျှင် ကောက်စိုက်စက်ထဲ ထည့်သွင်းစိုက်ပျိုးကြသည်။

ယင်းသို့ ပျိုးပေါင်များဖြင့် ပျိုးပင်ထောင်ရာ၌ အထွက်ကောင်း မျိုးကောင်းမျိုးသန့် စပါးမျိုးစေ့(RS)များကို အသုံးပြုကြကြောင်း၊ တစ်ဧကစိုက်ခင်းအတွက် စပါးအမျိုးအစားအလိုက် မျိုးစေ့ ခုနစ်ပြည်၊ ရှစ်ပြည်ခန့် မျိုးညှောင့်ဖောက်ပေးရကြောင်း၊ မျိုးစေ့တစ်ပြည်လျှင် ပျိုးပင်သုံးသိန်းခန့် ရရှိနိုင်ကြောင်း၊ ပျိုးပေါင်တင်ရာတွင် ညီညာသော အောက်ခြေမျက်နှာ ပြင်ပေါ်တွင် ပျိုးပေါင်များ ပြုလုပ်၍ ပျိုးထောင်ရကြောင်း၊ မျိုးစေ့များ လေလွင့်ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် သဘာဝမြေဩဇာမှုန့် သို့မဟုတ် မြေဆွေး၊ နွားချေး မှုန့်၊ ဖွဲပြာ၊ လွှစာမှုန့်၊ တမန်းမြေများဖြင့် ခပ်ပါးပါး ဖုံးအုပ်ပေးထားရပြီး နေ့စဉ်ရေမှန်မှန် လောင်းပေးရကြောင်း ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးနေသူ တောင်သူတစ်ဦးက ပြောသည်။

တောင်သူများ အနေဖြင့် ပေါင်စနစ် ပျိုးထောင်ကာ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးပါက အချိန်တိုအတွင်း ပြီးစီးနိုင်ခြင်း၊ လုပ်အားခ အပါအဝင် အထွေထွေ ကုန်ကျစရိတ်များ သက်သာစေခြင်းအပြင် စိုက်ခင်းမြေဆီ မြေနှစ် ယုတ်လျော့မှုနည်းပါးခြင်းကြောင့် ကောက်ပင်များသည် မြေဆီဩဇာ လုံလောက်စွာ ရရှိကာ အရည်အသွေးမြင့် စပါးများသီး၍ အထွက်နှုန်းလည်း ကောင်းမွန်လာမည် ဖြစ်ကြောင်း သိရသည်။

**ရွှေသား(IPRD)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေကာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ရန်ကုန်-ပုသိမ်၊ ပုသိမ်-ငွေဆောင်၊ ပုသိမ်-ရွှေပြာ-ချောင်းသာလမ်းလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**ပုသိမ် ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်-ပုသိမ်လမ်းပေါ်ရှိတံတား အမှတ်(၁/၁၀၆) အပင်နှစ်ဆယ်တံတား ပေ ၂၂၀၊ မူလနှစ်လမ်းသွားမှ လေးလမ်းသွား သံကူကွန်ကရစ် တံတားအဖြစ် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်-ပုသိမ်လမ်းပေါ်ရှိ တံတားအမှတ်(၁/၁၀၆) အပင်နှစ်ဆယ်တံတား ပေ၂၂၀၊ မူလ နှစ်လမ်းသွားမှ လေးလမ်းသွား သံကူကွန်ကရစ်တံတားလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက တံတားဆိုင်ရာအချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း ပြီးစီးစေရေးအတွက် နေ့ဆိုင်း၊ ညဆိုင်းခွဲ၍ လူအင်အား၊ စက်အင်အားဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်ရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။




ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်-ပုသိမ်လမ်း မိုင်(၁၀၅/၅-၁၀၈/၄) အတွင်း ၄၈ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်း တိုးချဲ့တည်ဆောက်နိုင်ရန်အတွက် လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ရန်ကုန်-ပုသိမ်လမ်းပေါ်ရှိ တံတားအမှတ်-၁/၁၀၈ ကိုးဆူတံတား ၈၈ ပေ၊ မူလနှစ်လမ်းသွားမှ လေးလမ်းသွားသံကူကွန်ကရစ်တံတားအဖြစ် တိုးချဲ့တည်ဆောက်နေမှုကိုလည်းကောင်း၊ ရန်ကုန်-ပုသိမ်လမ်း ပုသိမ်မြို့အဝင် ၄၈ ပေအကျယ် ၂ မိုင် ၆ ဖာလုံ လေးလမ်းသွား ကတ္တရာကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်ကာလအတွင်းပြီးစီးစေရေး၊ လုပ်ငန်းများ အရည်အသွေးပြည့်မီရေး၊ လမ်းဘေးဝဲယာတွင် သစ်ပင်ပန်းမန်များ၊ အရိပ်ရအပင်များ စိုက်ပျိုးရန်နှင့် ပန်းပေါင်းဝေဆာပြီး စိမ်းလန်းစိုပြည်အောင် ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်-ငွေဆောင်လမ်းပေါ်ရှိ တွန်ပလွန်တံတား ပေ ၂၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ RC Concrete တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် တံတားအထူးအဖွဲ့ (၁၆)မှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများဆောင်ရွက်ရာတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေး၊ အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်-ရွှေပြာ-ချောင်းသာလမ်း မူလ ၁၈ ပေအကျယ်မှ ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)က ပုသိမ်-ရွှေပြာ-ချောင်းသာလမ်း (၁၈/၀)မိုင်မှ (၃၅/၀)မိုင်အတွင်း ၁၇ မိုင် သုညဖာလုံ ပေ ၄၀ အကျယ် လမ်းတာပေါင်ချဲ့ခြင်း၊ ၂၄ ပေအကျယ် ကတ္တရာခင်းခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပုသိမ်-ရွှေပြာ-ချောင်းသာလမ်းတစ်လျှောက် လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျိုင်းတုံမြို့နယ်၌ (၄၁)ကြိမ်မြောက် လားဟူတိုင်းရင်းသား စုပေါင်းရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပ

**ကျိုင်းတုံ ဖေဖော်ဝါရီ ၂**

၂၀၂၅ ခုနှစ် (၄၁) ကြိမ်မြောက် ကျိုင်းတုံမြို့နယ် လားဟူတိုင်းရင်းသား စုပေါင်းရိုးရာနှစ်သစ်ကူးပွဲတော်ကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီခွဲက ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ကတ်ဇင်ကျေးရွာ၌ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးချုပ် ဗိုလ်မှူးချုပ် ကျော်ထက်က အမှာစကားပြောကြားပြီး စုပေါင်းနှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီသို့ နှစ်သစ်ကူးလက်ဆောင် ပေးအပ်သည်။ ထို့နောက် စုပေါင်းနှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီ(ကိုယ်စား) ဦးကျာလယ်စိုးက နှစ်သစ်မင်္ဂလာ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လားဟူတိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ လက်ဆေးမင်္ဂလာပွဲ ကျင်းပသည်။ ယင်းနောက် လားဟူတိုင်းရင်းသားများက ရိုးရာယဉ်ကျေးမှုအက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တိုင်းဦးစီးချုပ်နှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ပွဲတော်လာရောက်လည်ပတ်သူများက ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကြပြီး လားဟူတိုင်းရင်းသားများနှင့်အတူ ဘူးပလွေများတီးမှုတ်၍ ထင်ရှားသောမြေဝိုင်းအကတွင် စုပေါင်းပါဝင်ဂုဏ်ပြုဆင်နွှဲကြသည်။



လားဟူတိုင်းရင်းသားလူမျိုးများသည် ယခုအချိန်တွင် တရုတ်၊ မြန်မာ၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့၌ ပျံ့နှံ့နေထိုင်လျက်ရှိရာ မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ( မြောက်ပိုင်း)တို့၌ အများဆုံးနေထိုင်လျက်ရှိပြီး လားဟူမျိုးနွယ် ၃၀ ခန့်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား တက်ရောက်ရန် ရောက်ရှိလာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်



**နေပြည်တော် ဖေဖော်ဝါရီ ၂**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရောက်ရှိလာကြသည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များ နေ့လယ်စာ စားသောက်နေမှုနှင့် ပြင်ဆင်ကျွေးမွေးနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး နေထိုင်စားသောက်ရေး အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို စနစ်တကျ ပြင်ဆင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နွေစပါးစိုက်ပျိုးသော သမဝါယမအသင်းသား တောင်သူများသို့ သွင်းအားစုများပေးအပ်

**ဖြူး ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးသော သမဝါယမအသင်းသားတောင်သူများသို့ သွင်းအားစုများပေးအပ်ပွဲကို လူငယ့်အားမာန်သမဝါယမအသင်းခန်းမ၌ ဇန်နဝါရီ ၂၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်က အမှာစကားပြောကြားပြီး နွေစပါးတစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့်ညီမျှသော သွင်းအားစုများကို သမဝါယမအသင်းသားများထံသို့ ပေးအပ်သည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးသော လူငယ့်အားမာန်စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်းက စိုက်ဧက ၁၂၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဖော်ဆောင်ပေးရေး။

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်သာယာမြို့နယ် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားများ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၄)ရပ်ကွက် စက္ကူလင်းစာကြည့်တိုက်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ညောင်ကျေးရွာအုပ်စု အလင်းတန်းစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားများကို ယမန်နေ့မွန်းလွဲပိုင်းက အဆိုပါစာကြည့်တိုက်များ၌ ကျင်းပသည်။

### ဖွင့်လှစ်ပေး

စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားများကို တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ဆက်လက်၍ စာကြည့်တိုက်ဖွင့်ပွဲများတွင် တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များအား လှူဒါန်းရာ အင်းစိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးများက အလှူရှင်များလှူဒါန်းသည့် သုတ/ရသစာအုပ်များကိုလည်းကောင်း လက်ခံရယူပေးကြပြီး စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးစာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာကြည့်တိုက်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းနှင့် အဆိုပါစာကြည့်တိုက်များ ဆောက်လုပ်ရာတွင် နိုင်ငံတော်မတည်ငွေများနှင့် ပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)



## ရန်ကုန်မြို့အတွင်းရှိ ဆီသိုလှောင်ကန်များနှင့် သီလဝါစက်မှုဇုန်ရှိ ဆီသိုလှောင်ကန်များသို့ တာဝန်ရှိသူများကွင်းဆင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း ကြီးကြပ်ရေးကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများနှင့် စားသုံးဆီစစ်ဆေးကြပ်မတ်ရေးအဖွဲ့ (MITS)မှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းမှစတင်၍ ရန်ကုန်မြို့အတွင်းရှိဆီသိုလှောင်ကန်များနှင့် သီလဝါစက်မှုဇုန်ရှိ ဆီသိုလှောင်ကန်များသို့ သွားရောက်၍ ဆီစားသုံးသူပြည်သူများ ကျန်းမာရေးနှင့်အညီ စားသုံးနိုင်ရန် ဆီများသိုလှောင်ထားမှုအခြေအနေ၊ ဆီတင်နိုင်ငံခြားသင်္ဘောကြီးများ ရောက်ရှိပြီး ဆီသိုလှောင်ကန်များဖြင့် သိုလှောင်နေမှုအခြေအနေနှင့် ဆီကန်များမှ ဆီများဖြန့်ဖြူးပေးနေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကိုကိုဇော်(MNA)

## မွန်ပြည်နယ် မီးသတ်ဦးစီးဌာန၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၂

မွန်ပြည်နယ် မီးသတ်ဦးစီးဌာန၏ မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ် မီးသတ်ဦးစီးဌာန၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ပြည်နယ် မီးသတ်ဦးစီးမှူး ဦးမျိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ၁၀ မြို့နယ်မှ ပြိုင်ပွဲဝင်အသင်းသုံးသင်း၏မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ ရိုးရာထမနဲထိုးယှဉ်ပြိုင်နေမှုကို ပြည်နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဝင်း၊ ခရိုင်မီးသတ်



ဦးစီးမှူး ဦးမြင့်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးကျော်သူတို့က ကြည့်ရှုအားပေးပြီး ပထမဆုရ (သထုံ၊ ကျိုက်ထို၊ ဘီးလင်း) အဖွဲ့(၂)နှင့် နှစ်သိမ့်ဆုရအဖွဲ့များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်ကြီးများနှင့် ကျေးရွာစက်သုံးဆီ အရောင်းဆိုင်များအား မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် စက်သုံးဆီအရောင်းဆိုင်ရှိ ဝန်ထမ်းများအား မီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးသူရကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်စဉ်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

# လမြတ်တပို့တွဲ၏ စည်းလုံးညီညွတ်ခြင်းအားမာန်



**ကိုဘုန်း (ထုတ်လုပ်)**

တပို့တွဲလသည် အင်္ဂလိပ်ပြက္ခဒိန်၏ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ကျရောက်ပြီး မြန်မာပြက္ခဒိန်တွင် တစ်ဆယ့်တစ်လမြောက်လဖြစ်သည်။ တပို့တွဲလကို ကျောက်စာအရေးအသား၌ တပိုင်ထွဲ၊ တပိုင်တွယ်၊ တပို့ထွယ်ဟု ရေးသားလေ့ရှိပြီး တပို့တွဲလဟု ခေါ်ဝေါ်ခြင်းမှာ ထန်းဖူးထန်းခိုင်တို့ တွဲညွတ်သောရာသီဖြစ်၍ ခေါ်တွင်ခြင်းဖြစ်သည်။ တပို့တွဲလတွင် ထန်းဖူးများအား အောက်ရောက်အောင်ဆွဲချပြီး ထန်းရည်ခံသည့်ကာလဖြစ်ပါသည်။ တပို့တွဲလသည် အလွန်ချမ်းအေးလှသောကြောင့် "နှာရည်ယိုရွဲ တပို့တွဲ" ဟုလည်း ခေါ်ဆိုကြသည်။ တပို့တွဲလသည် လဆန်းပိုင်းတွင် အအေးပိုသော်လည်း လပြည့်ကျော်သည်နှင့် အအေးပေါ့လာကာ နွေဦးပေါက်လာပါသည်။ တပို့တွဲလ၏ အထိမ်းအမှတ်ပန်းမှာ ပေါက်ပန်းဖြစ်ပြီး လဲပွင့်၊ လက်ပံပွင့်၊ နှင်းဆီပန်း၊ ရွှေပန်း၊ ငွေပန်း၊ ပန်းထိမ်ငိုပန်းတို့သည် ရောင်စုံဂန္ဓမာပန်းတို့နှင့်အတူ ပွင့်လန်းကြပါသည်။

မြန်မာ့ရိုးရာ ဆယ့်နှစ်ရာသီပွဲတော်များထဲမှ တပို့တွဲလသည် ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးခြားသည့် လမြတ်အဖြစ် ပါဝင်နေပါသည်။ တပို့တွဲလပြည့်နေ့၏ ထူးခြားချက်ကို သုံးသပ်ကြည့်ပါလျှင် အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်သောနေ့ဖြစ်ခြင်း၊ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် ဧတဒဂ်ရသောနေ့ဖြစ်ခြင်း၊ အင်္ဂါလေးရပ်နှင့်ပြည့်စုံသော ရဟန်းပရိသတ်တို့ အလိုအလျောက် စုဝေးမိသောနေ့ဖြစ်ခြင်း၊ ဘုရားရှင်တိုင်း ဩဝါဒပါတိမောက် ပြတော်မူသောနေ့ဖြစ်ခြင်း၊ မီးပုံပွဲ (မီးဖုန်းပွဲ) ကျင်းပခြင်း၊ ထမနဲပွဲကျင်းပခြင်း စသည့်ထူးခြားချက်များကို တွေ့ရှိရပါသည်။

**ဩဝါဒပါတိမောက်အခါတော်နေ့**

တပို့တွဲလပြည့်နေ့တွင် ပွင့်တော်မူပြီးသော ဘုရားရှင်တိုင်း တပည့်သားတို့အား ဩဝါဒပေးတော်မူသည်ကို အကြောင်းပြု၍ ထိုနေ့ကို ဩဝါဒပါတိမောက် အခါတော်နေ့အဖြစ် ကျင်းပရခြင်းဖြစ်ပါသည်။ အပါယ်ဘေးမှ ကင်းဝေးစေသော အဆုံးအမကို "ဩဝါဒ" ဟု ခေါ်ပါသည်။ ထိုဩဝါဒမိန့်ကြားတော်မူခြင်းကို ဩဝါဒပါတိမောက်ပြသည်ဟု ခေါ်ဆိုရပါသည်။ ပါတိမောက်တွင် ဩဝါဒပါတိမောက်၊ အာဏာပါတိမောက်ဟူ၍ နှစ်မျိုးရှိပါသည်။ ဩဝါဒပါတိမောက်ကို မြတ်စွာဘုရားတို့သာ ပြတော်မူပါသည်။ တပည့်သံဃာများပြခွင့်မရှိပါ။ တပည့်သံဃာများသည် အာဏာပါတိမောက်ကိုသာ ပြခွင့်ရှိပါသည်။ ပွင့်တော်မူပြီးသော သက်တော်ရှည်သော ဘုရားရှင်တို့သည် ဩဝါဒပါတိမောက်ကို အသက်ထက်ဆုံး ပြတော်မူကြပါသည်။ သက်တမ်းတိုသော ဘုရားရှင်တို့သည် ဩဝါဒပါတိမောက်ကို ဝါတော် ၂၀ အတွင်းမှာသာ ပြတော်မူကြပါသည်။ လောဘ၊ ဒေါသ စသောစရိုက်များ ထူပြောချိန်တွင် ဩဝါဒတည်ရန် ခဲယဉ်းသောကြောင့် ဝါတော် ၂၀ လွန်လျှင် တပည့်သံဃာတို့အား အာဏာပါတိမောက်ကို ပြစေပါသည်။ ဩဝါဒပါတိမောက်ဂါထာသည် သီလ၊ သမာဓိ၊ ပညာကို ဟောကြားထား၍ ပိဋကတ်သုံးပုံ အနှစ်ချုပ်တရားဟု ခေါ်ပါသည်။ ဩဝါဒပါတိမောက်ဂါထာအတိုင်း လိုက်နာကျင့်ကြံပါက ကိုယ်၊ နှုတ်၊ စိတ် ယဉ်ကျေးလိမ္မာပြီး အို၊ နာ၊ သေ လွတ်ရာနိဗ္ဗာန်သို့ မလွဲမုချ ရောက်နိုင်ပါသည်။

**မီးဖုန်းသဘင်ဆင်ယင်ကျင်းပ**

တပို့တွဲလသည် ဆောင်းဥတု၏အကုန် နွေဥတုအကူးလဖြစ်၍ အချမ်းပိုကာ တပို့တွဲမှ တပေါင်းလသို့ ကူးပြောင်းရက်များသည် အလွန်အေးမြသည်။ ဝိနည်းတော်အရ မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို မီးမလှုံရန်တားမြစ်ပိတ်ပင်ထားသည်။ တားမြစ်ရခြင်းအကြောင်းရင်းမှာ မီးနှင့်မျက်စိမသင့်ခြင်း၊ မီးလှုံခြင်းကြောင့်အဆင်းပျက်ခြင်း၊ ခွန်အားဆုတ်ယုတ်ခြင်း၊ မီးလှုံရင်းအပေါင်းအဖော်တို့နှင့် မွေ့လျော်နေ၍ အကျိုးမရှိသော စကားများကို ပြောဆိုခြင်းတို့ကြောင့်ဖြစ်သည်။ သို့ရာတွင် တပို့တွဲလအကုန် တပေါင်းလအကူး အလွန်အေးမြသောကြောင့် ထိုရက်များအတွင်း ရဟန်းများအား မီးလှုံရန်ခွင့်ပြုတော်မူရုံမျှမက ဘုရားရှင်ကိုယ်တော်တိုင်လည်း မီးလှုံတော်မူလေ့ရှိ၏။ ဤသည်ကိုအစွဲပြု၍ တပို့တွဲလ၌ မီးပုံပွဲသဘင်ကို ဆင်ယင်ကျင်းပကြသည်။ မီးပုံဟူသော အသုံးအနှုန်းမှာ အရပ်စကားဖြစ်ပြီး စာပေအမှတ်အသားတွင်မူ မီးဖုန်းသဘင်ဟု ရေးသည်ကို မှတ်သားရပါသည်။ အလှူရှင်ဒါယကာ၊ ဒါယိကာမတို့သည် မီးဖုန်းပွဲကိုကျင်းပရန်အလို့ငှာ တောသို့တက်၍ နံ့သာ၊ ထင်းများ စသည်တို့ကို လူစုလူဝေးနှင့် ခုတ်ကြ ပြီးလျှင် ထင်းများကို စုပုံမီးရှို့၍ ဘုရားကျောင်း၊ တန်ဆောင်းတို့၌ အပူဓာတ်ကို လှူဒါန်းပူဇော်ကြသည်။ အချို့ကလည်း မီးလင်းဖို၌ အမွှေးနံ့သာထင်းများကိုထည့်၍ မီးဖိုကာပူဇော်ကြသည်။ ကုန်းဘောင်ခေတ်နှောင်း သီပေါမင်းလက်ထက်တွင် တပို့တွဲလ၌ မီးပုံပွဲ (မီးဖုန်းပွဲ)နှင့်အတူ ယာဂုပွဲကိုပါ ကျင်းပကြောင်း ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ ရေးသားမှတ်တမ်းတင်ထားသည်ကို တွေ့ရှိရပါသည်။

**ထမနဲပွဲ**

တပို့တွဲလရာသီပွဲတော်တွင် နောက်ထပ် လူသိများထင်ရှားလှသည့်ပွဲမှာ "ထမနဲပွဲ" ဖြစ်သည်။ ကောက်ညှင်းစပါးသစ်ပေါ်ချိန်တွင် ထမနဲထိုး၍ ကျွေးမွေးလှူဒါန်းကြသည်။ ထမနဲပွဲသည်တပို့တွဲလ၏ ပုံရိပ်သင်္ကေတလည်းဖြစ်ပါသည်။ ထို့ကြောင့် "ထမနဲ" ဟု ဆိုသည်နှင့်တစ်ပြိုင်နက် တပို့တွဲလနှင့် တွဲဖက်မြင်ယောင်ကြသည်။ ထမနဲထိုးချိန်သည် တောင်သူများ ကောက်ဦးပေါ်ချိန်ဖြစ်သဖြင့် ကောက်ဦးအလှူပွဲလည်းဖြစ်ပြီး တပို့တွဲလပြည့်နေ့တွင် ဆွမ်းတော်ကပ်လှူရန်အတွက် ထမနဲပွဲကို ကျင်းပကြပါသည်။

တပို့တွဲလ ထမနဲပွဲကို ရှေးပဝေသဏီကတည်းကစ၍ ကျင်းပလာခဲ့ပါသည်။ သို့သော် ထိုခေတ်က ထမနဲကို "ယာဂု" ဟု သုံးနှုန်းခေါ်ဝေါ်ခဲ့ကြသည်။ မြတ်စွာဘုရားရှင်သည် လေနာနှိပ်စက်ခြင်းခံရချိန်၌ အရှင်အာနန္ဒာကို ယာဂုဆွမ်းခံစေရာ မာတုဂါမတစ်ဦး လှူဒါန်းလိုက်သော ချင်းစိမ်း၊ ငရုတ်၊ ကြက်သွန်၊ နှမ်းတို့ဖြင့် စီရင်ထားသည့် ယာဂုဆွမ်းကို ဘုဉ်းပေးသုံးဆောင်ပြီးနောက် လေနာရောဂါငြိမ်းသွားသည်ဟု ဆိုထားပါသည်။ အဆိုပါယာဂုတွင် ပါဝင်သော ပစ္စည်းအမျိုးအမည်များသည် ထမနဲကဲ့သို့ပင် တူပါသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၏ မှတ်တမ်းအရ မင်းတုန်းမင်းကြီးလက်ထက်တော်အခါက ယာဂုအလှူပွဲအကြောင်းနှင့်ပတ်သက်၍ "ရွှေမြို့တော်လေးပြင်လေးရပ် တိုင်းသူပြည်သားအားလုံးတို့သည် လူတစ်ကိုယ် ဆန်တစ်စလယ်ကျ စုဆောင်း၍ ယာဂုကျိုရာ ယင်းယာဂု၌ ကောက်ညှင်းဆန်၊ ဆီ၊ ဆား၊ နှမ်း၊ ချင်းစိမ်း၊ မြေပဲ၊ အုန်းသီး၊ သစ်ကြားသီး စသည်တို့ကို ထည့်၍ ကျိုသည်"ဟု ဆိုထားသည်။ ယာဂုကျိုခြင်းကို ယခုခေတ်တွင် ထမနဲထိုးသည်ဟု ဆိုကြသည်။

ထမနဲဆိုသောစကားသည် ကောက်ညှင်းဆန်ကို ပျော့အိသွားသည်အထိ ထိုးနှံ့ခြင်းဖြစ်သည်။ တချို့ကလည်း နှမ်းကိုထူးကဲပြီး ထည့်သောကြောင့် နှမ်းမနဲ ဟုခေါ်ပါသည်။ ထမနဲတွင် ကောက်ညှင်းဆန်၊ ဆီ၊ ဆား၊ နှမ်းစေ့၊ ချင်း(ဂျင်း)စိမ်း၊ မြေပဲလှော်၊ အုန်းသီးဆန်၊ သစ်ကြားသီးတို့ ပါဝင်သည်။

တပို့တွဲ ထမနဲနှင့်ပတ်သက်ပြီး မန်လည်ဆရာတော်ကြီးက ထမနဲထိုးနည်း စာချိုးကို ယခုလို ရေးဖွဲ့ခဲ့ပါသည်–

**"ထမနဲထိုးရန် စာချိုးလို့မှာခဲ့မယ်**
**တစ်စိတ်ကောက်ညှင်းရယ်နှင့်**
**တစ်ပိဿာ ဆီအမှန်သွင်းပါလို့**
**ချင်းကသုံးဆယ်၊**
**မြေပဲဖြူလှော်တစ်ခွက်ကယ်နှင့်**
**အုန်းသီးဆန်အကူဖက်ပါလို့**
**နှမ်းမပျက် ဤနည်းနှယ်၊ ရေစင်ထည့်ရိုးလက်နှစ်သစ်ကယ်ပ**
**တွက်ဆစ်ကာဆားချိန် တစ်ဆယ်သားရယ်နဲ့**
**ရောနှောကာ လူအများတို့ အားသစ်လို့ထိုး"**

အထက်ပါ စာချိုးအရ ကောက်ညှင်းဆန်လေးပြည်၊ ဆီတစ်ပိဿာ၊ ချင်းစိမ်း ၃၀ ကျပ်သား၊ မြေပဲဖြူအဆန် တစ်ခွက်(၅၀ ကျပ်သား)ကို နှမ်း၊ အုန်းသီးစိတ်၊ ဆားတို့ဖြင့် မျှတအောင်ထည့်ပြီး ဒယ်အိုးတွင် နှံ့အောင်မွှေ၍ တစ်ဦးကောင်းတစ်ယောက်ဖြင့် ထိုး၍မပြီးဘဲ အများစုပေါင်းပြီး ညီညွတ်စွာ အားမာန်အပြည့်ဖြင့် ထိုးကြမည်ဟု ဆိုထားပါသည်။

တပို့တွဲလသည် မြန်မာနိုင်ငံ၏ အအေးဆုံးလဖြစ်သောကြောင့် လူတို့ အဆီခန်းခြောက်ကြပြီး ကိုယ်သားကိုယ်ရေအေးခြင်း၊ ခြေဖျားလက်ဖျားအေးစက်ခြင်း၊ အသားပပ်၍ ကိုယ်ရေပြားယားယံခြင်းတို့ကို ဖြစ်ပေါ်ခံစားကြရသည်။ ထိုအခါ ဆီနိုင်သည့် အပူစာထမနဲကို စားသုံးပါက ကိုယ်ငွေ့ကောင်းပြီး အသားအရေစိုပြည်လာကာ အပူဓာတ်ရနိုင်ပါသည်။

ထို့ပြင် တပို့တွဲလ ထမနဲပွဲနှင့်ပတ်သက်၍ မင်းတုန်းမင်းကြီးလက်ထက်တော်အခါက နာမည်ကျော်ဆေးသမားတော်ကြီးများက ဥတုသုံးလီရှိသည့်အနက် အထူးသဖြင့် ကောက်စိုက်တောင်သူများသည် အသက်မွေးဝမ်းကျောင်းသဘောသဘာဝအရ တစ်မိုးတွင်းလုံးနှင့် တစ်ဆောင်းတွင်းလုံးတွင် အအေးဒဏ် ခံစားရလေ့ရှိကြောင်း၊ တပို့တွဲလပြည့်နေ့နီးလာသောအခါ၊ ဆောင်းကုန်လု နွေဦးရောက်ခါနီးအချိန် စပ်ကူးမပ်ကူးကာလဖြစ်ရာ ဓာတ်ကြီးလေးပါး ဖောက်ပြန်တတ်ကြောင်း၊ ထို့ကြောင့် ဓာတ်ကြီးလေးပါး ညီညွတ်မျှတစေရန်အတွက် ဆေးဝါးဓာတ်စာအဖြစ် ကောက်သစ်ပေါ်ချိန်တွင် ထမနဲကိုစားပေးသင့်ကြောင်း အကြံပြုထားပါသည်။

ထမနဲသည် ကောက်ညှင်းအသုံးပြုထားသောကြောင့် များများစားမိပါက ဝမ်းချုပ်ကာ လေပူထခြင်းကို ဖြစ်စေတတ်သော်လည်း ထမနဲစားခြင်းက ၎င်းတွင်ထည့်သုံးထားသည့် အခြားသောပစ္စည်းအမည်များက ခန္ဓာကိုယ်အတွက် လိုအပ်လျက်ရှိသော အပူဓာတ်ကို အားဖြည့်ပေးသည့်အတွက် ထမနဲသည် အအေးပိုသောကာလမှာ မဖြစ်မနေစားသုံးသင့်သော ဓာတ်စာတစ်မျိုးဖြစ်ပါသည်။ ထို့ပြင် ထမနဲစားခြင်းက ဝမ်းရောဂါကို ကြိုတင်ကာကွယ်ရာရောက်သောကြောင့် အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် စားသုံးသင့်ပါသည်။

**စာမျက်နှာ ၇ သို့ ☆**

**"ထမနဲထိုးခြင်းသည် လူအများစုစည်းကာ အားကောင်းမောင်းသန်ဖြင့်ထိုးရပြီး စေးကပ်နေသည့် ထမနဲသည် စည်းလုံးညီညွတ်ခြင်း၏ သင်္ကေတဖြစ်သလို ထိုးလိုက်သည့်ထမနဲ၏ အရသာကောင်းခြင်းသည်လည်း စည်းလုံးညီညွတ်ခြင်း၏ အောင်မြင်မှုပြယုဂ်ပင် ဖြစ်ပါသည်။ ထမနဲထိုးခြင်းမှ စည်းလုံးညီညွတ်ခြင်း၊ အချိုးအစားကျန ဟန်ချက်ညီခြင်း၊ စီမံခန့်ခွဲမှုကောင်းမွန်ခြင်း၊ မိမိကျရာတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်ခြင်း၊ အဖွဲ့အစည်းစိတ်ဓာတ် တိုးပွားလာခြင်း စသည့် အကျိုးကျေးဇူးများကိုရရှိ"**

# မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက်ကြီးများမှ ဆရာတော်၊ သံဃာတော်များအား ဆွမ်းလောင်းလှူပွဲနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော မုံရွာမြို့ပေါ်ရှိပရိယတ္တိ စာသင်တိုက်ကြီးလေးတိုက်မှ ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့်ဆွမ်းဟင်းလောင်းလှူပွဲနှင့် သီလရှင်ကျောင်း ကိုးကျောင်းမှ သီလရှင်ဆရာကြီး/ ဆရာလေးများအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်ဇနီးများက ဆွမ်း၊ ဆွမ်းဟင်းနှင့် ဆွမ်းဆန်စိမ်းများလောင်းလှူရန် ပြင်ဆင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့်တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်မိသားစုဝင်များက ပင့်သံဃာဆရာတော်၊ သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီး၊ အချိုပွဲများနှင့်ဝတ္ထုငွေများ လောင်းလှူခြင်းနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်း၊စားသုံးဆီနှင့် ဝတ္ထုငွေများ လောင်းလှူကြသည်။

မုံရွာမြို့ပေါ်ရှိ ဆရာတော်၊သံဃာတော်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းနှင့်ဆွမ်းဟင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရှိ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့်မိသားစုဝင်များက လစဉ်လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**





# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ (၂၃) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာဂိုဏ်းပေါင်းစုံ ဝိနယာဓိက စာမေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၌ ဂိုဏ်းပေါင်းစုံသံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၃) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံဝိနယာဓိက စာမေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် အမှတ် (၄၂)ရပ်ကွက် မဟာဂန္ဓာရုံကျောင်းတိုက်ရှိ သာသနဗိမာန်တော်၌ ယနေ့ကျင်းပသည်။

အဆိုပါ ၂၀၂၅ ခုနှစ် ဝိနယာဓိက စာမေးပွဲကို ပထမကြီးတန်းတွင် သံဃာတော် ၂၇ ပါးနှင့် သီလရှင် နှစ်ပါး၊ ပထမလတ်တန်းတွင် သံဃာတော် ၂၉ ပါးနှင့် သီလရှင် နှစ်ပါး၊ ပထမငယ်တန်းတွင် သံဃာတော် ၇၂ ပါးနှင့် သီလရှင် ၁၅ ပါး၊ အခြေပြုမူလတန်းတွင် သံဃာတော် ၁၁၆ ပါးနှင့် သီလရှင် ကိုးပါး စုစုပေါင်း သံဃာတော် ၂၄၄ ပါးနှင့် သီလရှင် ၂၈ ပါး ဝင်ရောက်ဖြေဆိုကြကြောင်း မြို့နယ်သာသနာရေးဦးစီးဌာနမှ သိရသည်။

**သန်းထိုက်**

# ရမည်းသင်းမြို့၌ အကြိမ်(၃၀)မြောက် မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟ စာမေးပွဲကျင်းပ

ရမည်းသင်း ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဩဝါဒါစရိယဆရာတော်ကြီးများ ကြီးမှူးကျင်းပသော အကြိမ်(၃၀)မြောက် မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟစာမေးပွဲကို ယနေ့တွင် စတင်ဖြေဆိုကြသည်။

အဆိုပါစာမေးပွဲကို သာသနဇ္ဇုဂဏ်ရောင် ဓမ္မဗိမာန်တော်ကြီး၌ ဖြေဆိုကြပြီး ဖေဖော်ဝါရီ ၂ ရက်မှ ၆ ရက်အထိ ဖြေဆိုကြမည်ဖြစ်သည်။ စာဖြေရဟန်း၊ သာမဏေ၊ သီလရှင် ၄၄၆ ပါးတို့ ဝင်ရောက်ဖြေဆိုကြပြီး ဝန်ဆောင်ဆရာတော်များ၊ စာဖြေရဟန်း၊ သာမဏေ၊ သီလရှင်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အအေး၊ ရေသန့်၊ စာရေးကိရိယာနှင့် နဝကမ္မဝတ္ထုငွေအစုစုများကို အလှူရှင်များက လှူဒါန်းကြသည်။

ယခုကဲ့သို့ စာမေးပွဲကို ပြုလုပ်ကျင်းပပေးသည့်အတွက် နိုင်ငံတော်က ကြီးမှူးကျင်းပသော ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများတွင် အထောက်အကူပြုစာမေးပွဲပင်ဖြစ်ကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**



**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# မြောင်းမြမြို့၌ ဓမ္မစကူးလ်သင်တန်းဆင်းပွဲ ကျင်းပ

မြောင်းမြ ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်း ဒေသကြီး မြောင်းမြမြို့၌ ယနေ့ မွန်းတည့် ၁၂ နာရီက မြို့ကျက်သရေဆောင် သာသနဗိမာန်တော်ကြီးတွင် ဓမ္မစကူးလ် သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပသည်။



အခမ်းအနားတွင် ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက ဩဝါဒစကား မြွက်ကြားခြင်း၊ ဆရာမကြီးဒေါ်အေးအေးသင်းက ကျေးဇူးတင်စကား ပြောကြားခြင်း၊ သင်တန်းအပတ်စဉ်တိုင်းတွင် မပျက်မကွက်တက်ရောက်ခဲ့သော ကျောင်းသား ကျောင်းသူများအား ကျောင်းတက်မှန်ဆုများ ချီးမြှင့်ခြင်း၊ ဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

မြောင်းမြမြို့တွင် ဓမ္မစကူးလ်သင်တန်းများကို ဓမ္မအသိဖြင့် အကျိုးရှိအောင် နေတတ်သော အနာဂတ်သားကောင်း နိုင်ငံ့သားကောင်း သမီးရတနာများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ် ဇူလိုင်လမှစတင်ကာ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဂန့်ဂေါမြို့နယ်အတွင်းရှိ သံဃာတော်အရှင်သူမြတ်များအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

ဂန့်ဂေါ ဖေဖော်ဝါရီ ၂

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် သံဃာတော်အရှင်သူမြတ်များအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို ယနေ့နံနက် ၁၁ နာရီတွင် မြောက်ကုန်းရပ်ကွက်ရှိ မြို့ခင်းသာပရိယတ္တိစာသင်တိုက်၌ ထိုးနှံပေးသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး-၁ ဦးထွန်းဇော်လင်း ဦးဆောင်သည့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ဂန့်ဂေါမြို့ပေါ် လေးရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်အရှင်သူမြတ် ၈၄ ပါးနှင့် သီလရှင်ဆရာလေး လေးပါးတို့အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထပ်ဆောင်းထိုးနှံပေးကြသည်။



အဆိုပါ ကာကွယ်ဆေးထိုးနှံရာသို့ ခေတ္တခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စွန့်ဦးတီထွင် MSME လုပ်ငန်းရှင်တွေပေါ်ထွန်းလာစေဖို့ ဒစ်ဂျစ်တယ်ကော်နာမှာ ထွန်းသစ်စနည်းပညာတွေကိုအသုံးပြုပြီး ပြသသွားမှာဖြစ်ပါတယ်

တွေ့ဆုံမေးမြန်း - ဝင်းဝင်းမင်း
ဓာတ်ပုံ - ကိုကြီးထိန်

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့်စက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များမှဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်ရာ ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် Digital Corner ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တွေ့ဆုံမေးမြန်းခဲ့သည်ကို ဖော်ပြလိုက်ရပါသည်-

**မေး။ ။ MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှာ Digital Corner ဆောင်ရွက်ထားရှိမှုနဲ့ ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ ပြခန်းပေါင်း ၉၉ ခန်းရှိတဲ့အနက် ကျွန်တော်တို့သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ပြခန်းအမှတ် ၆ နဲ့ ၂၇ တို့မှာပြသသွားဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ပြခန်း ၂၇ မှာ Digital Corner (ဒစ်ဂျစ်တယ်ကော်နာ)ဆိုပြီး MSME ဖွံ့ဖြိုးတိုးတက်ဖို့ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးချဆောင်ရွက်မှုဆိုင်ရာ ပြကွက် ၁၆ ခုကို Naypyitaw State Polytechnic University အပါအဝင် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန အောက်ရှိ တက္ကသိုလ်ကိုးခုမှ ဆရာနဲ့ ကျောင်းသား ၃၆ ဦးက ပြသကြမှာဖြစ်ပါတယ်။ ဒီပြကွက် ၁၆ ခုမှာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေကနေ ထုတ်ကုန်၊ ပို့ကုန်များဆိုင်ရာ(Smart Agriculture) ပြကွက်သုံးခု၊ ဒစ်ဂျစ်တယ်ကူးသန်းရောင်းဝယ်မှုဆိုင်ရာ(e-Commerce) ပြကွက်သုံးခု၊ ဒစ်ဂျစ်တယ် ဝန်ဆောင်မှုဆိုင်ရာ (e-Service) ပြကွက်ငါးခုနဲ့ MSME ကဏ္ဍကို ခြုံငုံတဲ့ ပြကွက်ငါးခုတို့ ပါဝင်ပြီး ဉာဏ်ရည်တုနည်းပညာ(AI)အပါအဝင် ထွန်းသစ်စ ဒစ်ဂျစ်တယ်နည်းပညာတွေကိုအသုံးပြုထားတဲ့ ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှု (Digital Innovation) တွေနဲ့ လေ့လာကြည့်ရှုသူတွေ ရင်ထဲတစ်ခါတည်းစွဲသွားအောင် အသိပညာပေး ပြသသွားမှာဖြစ်ပါတယ်။

**မေး။ ။(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲ ပြိုင်ပွဲမှာ ဆုတွေကို Online Payment နဲ့ ချီးမြှင့်မယ်လို့ သိရပါတယ်။ ဘယ်လို ပေးအပ်ချီးမြှင့်သွားမယ်ဆိုတာကို ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုကျင်းပတဲ့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအခမ်းအနားမှာ ဆုရရှိကြတဲ့ အသေးစား၊ အလတ်စားနဲ့ အငယ်စား စီးပွားရေးလုပ်ငန်းဆုတွေ၊ One Region One Product (OROP)၊ သမဝါယမထုတ်ကုန်၊ စားသောက်ကုန်စတဲ့ ဆုခြောက်မျိုးအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် သိန်း ၇၅၀ ချီးမြှင့်ပေးအပ်ရာမှာ သမားရိုးကျ ငွေစက္ကူတွေကို ပေးအပ်မယ့်အစား လမ်းညွှန်မှုအရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေနဲ့ Digital Payment ကနေတစ်ဆင့် ဆုတွေကို ပေးအပ်နိုင်ဖို့အတွက် နည်းပညာပံ့ပိုး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဆုရရှိသူအနေနဲ့ အရင်လိုငွေသားတွေကို လက်ခံရခြင်းမျိုးမဟုတ်ဘဲ Digital Payment Application ကနေ လက်ခံရရှိသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ နည်းပညာခေတ်ဖြစ်တဲ့အတွက် MSME လုပ်ငန်းဖွံ့ဖြိုးစေဖို့ AI နဲ့ပတ်သက်ပြီး ပြသမယ့်အစီအစဉ်တွေ ရှိရင်လည်း သိရှိလိုပါတယ်။**

ဖြေ။ ။ ဒီနေ့ နည်းပညာခေတ်မှာ လူသားတွေရဲ့ နေ့စဉ်ဘဝကိစ္စအဝဝ လုပ်ရှားဆောင်ရွက်မှုတွေမှာဖြစ်စေ၊ ဌာနနဲ့ အဖွဲ့အစည်းတွေရဲ့ လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာဖြစ်စေ ဒစ်ဂျစ်တယ်လွှမ်းမိုးမှုက သိသာကြီးမားစွာ သက်ရောက်မှုတွေ ရှိလာပြီဖြစ်ပါတယ်။ ဒါကြောင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်း ဆောင်ရွက်မှုတွေနဲ့အတူ ဉာဏ်ရည်တု နည်းပညာ(AI) အပါအဝင် ထွန်းသစ်စနည်းပညာတွေရဲ့ တိုးတက်နေတဲ့ အရှေ့နှုန်းနဲ့အတူ လိုက်ပါအသုံးချနိုင်မှုကလည်း ဒစ်ဂျစ်တယ် စီးပွားရေးကဏ္ဍကို စိုးမိုးလာနိုင်တာတွေ တွေ့ရပါတယ်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် MSME ဖွံ့ဖြိုးတိုးတက်မှုက အခရာကျလှပါတယ်။ ဒါကြောင့် နိုင်ငံတော်မှာ သိသာစွာ အားကောင်းဖွံ့ဖြိုးတိုးတက်လာပြီဖြစ်တဲ့ MSME လုပ်ငန်းတွေရဲ့ အရှိန်အဟုန်မြှင့်တင်ဖို့အတွက် ဒစ်ဂျစ်တယ်နည်းပညာအခင်းအကျင်းတွေကို ဖန်တီးအသုံးချပြီး လုပ်ငန်းတွေမြှင့်တင်ဆောင်ရွက်ဖို့ လိုအပ်လာပြီဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ဒစ်ဂျစ်တယ်ကော်နာပြခန်းမှာတော့ အမျိုးမျိုးသော MSME အကျိုးပြု ဉာဏ်ရည်တုနည်းပညာ (AI) အသုံးချပရိုဂရမ်တွေကို အသုံးပြုသွားမယ်။ ဒီလိုအသုံးပြုရင် MSME လုပ်ငန်းတွေကို ဘယ်လိုအကျိုးပြုနိုင်မယ်ဆိုတာ လက်တွေ့ပြသသွားမှာ ဖြစ်ပါတယ်။ ပြည်တွင်း MSME လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး AI မော်ဒယ်ရဲ့ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ အကူအညီကို ပြည့်ဝစွာ အသုံးပြုနိုင်ဖို့အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် စံသတ်မှတ်ထားတဲ့ စာရင်းဇယားတွေလိုအပ်ခြင်း၊ တိကျမှန်ကန်တဲ့ အချက်အလက်တွေကို ဒစ်ဂျစ်တယ်အသွင်နဲ့ ပုံမှန်ဖြည့်သွင်းဖို့ လိုအပ်ခြင်းစတာတွေကို လက်တွေ့ပြသသွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ပတ်ဝန်းကျင်နိုင်ငံတွေရဲ့ MSME လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ရှေ့ရှည်ဖြစ်ပေါ်လာမှု အခြေအနေတွေကို AI မော်ဒယ်တွေရဲ့ အကူအညီနဲ့ ခန့်မှန်းတွက်ချက်နိုင်မှုကိုလည်း လက်တွေ့ပြသသွားမှာဖြစ်ပါတယ်။


ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ

**မေး။ ။ ဒစ်ဂျစ်တယ်ကော်နာပြခန်းမှာ အများပြည်သူ စိတ်ဝင်စားဖို့ ထူးထူးခြားခြားဆောင်ရွက်မယ့် အစီအစဉ်တွေရှိရင်လည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ နိုင်ငံ့စီးပွားဖွံ့ဖြိုးရေး တစ်တပ်တစ်အားဖြစ်စေမယ့် စွန့်ဦးတီထွင် MSME လုပ်ငန်းရှင်တွေ ပေါ်ထွန်းလာစေဖို့ ဒစ်ဂျစ်တယ်ကော်နာမှာ ထွန်းသစ်စနည်းပညာတွေကို အသုံးပြုပြီး ပြသသွားမှာဖြစ်ပါတယ်။

Digital Corner ပြခန်းမှာ လာရောက်တဲ့ ပြည်သူတွေအနေနဲ့ MSME နဲ့ ဆက်စပ်ပြီး သိလိုတာတွေရှိရင်ဖြစ်ဖြစ်၊ လက်ရှိ MSME ဆောင်ရွက်နေသူတွေအတွက် အခက်အခဲတွေကို ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေနဲ့ပဲဖြစ်ဖြစ် မေးမြန်းသိရှိနိုင်မယ့် ဉာဏ်ရည်တုနည်းပညာ(AI) အသုံးပြု Chat Bot မော်ဒယ်စနစ်ကိုလည်း ထည့်သွင်းပြသသွားမှာဖြစ်ပါတယ်။

ပြီးတော့ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ပုဂ္ဂလိကသို့ နည်းပညာလွှဲပြောင်းဆောင်ရွက်မှု (Technology Transfer)တွေ၊ နည်းပညာလွှဲပြောင်းပြီးတဲ့ စားသောက်ကုန်၊ လူသုံးကုန်နဲ့ ပတ်သက်တဲ့ ထုတ်ကုန်ပစ္စည်းတွေ၊ အစားအသောက် စမ်းသပ်စစ်ဆေးတဲ့ စက်ကိရိယာတွေ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ သုတေသနပြကွက်တွေ၊ စံချိန်စံညွှန်းနဲ့ ပတ်သက်တဲ့ အသိပညာတွေ ဖြန့်ဝေရေးအတွက် စာအုပ်တွေကိုလည်းပြသသွားမှာဖြစ်ပါတယ်။

ပြည်သူတစ်ရပ်လုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးနဲ့ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးတို့အတွက် အဓိကမောင်းနှင်အားဖြစ်တဲ့ MSME ဖွံ့ဖြိုးတိုးတက်လာစေဖို့ မြန်မာဒစ်ဂျစ်တယ် စီးပွားရေးမြေပုံ ၂၀၃၀ ပါ မဟာဗျူဟာမျှော်မှန်းချက်နဲ့ မဟာဗျူဟာရည်မှန်းချက်တွေ အောင်မြင်ပြည့်မီအောင် ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ မဟာဗျူဟာ မဏ္ဍိုင်တွေအလိုက် ဆောင်ရွက်ထားရှိမှုတွေကိုလည်း ပြသသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ဒစ်ဂျစ်တယ်ကော်နာပြခန်းကို လာရောက်လေ့လာကြည့်ရှုခြင်းဖြင့် ထွန်းသစ်စဒစ်ဂျစ်တယ်နည်းပညာတွေကို အသုံးချပြီး MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုဆောင်ရွက်နိုင်တယ်ဆိုတာကို သိရှိသွားမယ့်အပြင် နည်းပညာပိုင်း လွှဲပြောင်းပံ့ပိုးပေးဖို့ ချိတ်ဆက်ဆောင်ရွက်မှုစတဲ့ အကျိုးကျေးဇူးတွေကိုရရှိမှာဖြစ်ပါတယ်။

**မေး။ ။ ပြည်သူတွေသိရှိစေဖို့ ဖြည့်စွက်ပြောကြားလိုတာရှိရင်ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ ကျွန်တော်က ဖိတ်ကြားရေးဆပ်ကော်မတီမှာ ဥက္ကဋ္ဌတာဝန်ယူထားရတာဖြစ်လို့ ပြည်သူတွေ လာရောက်လေ့လာ ကြည့်ရှုကြပါလို့ ဖိတ်ခေါ်လိုပါတယ်။

လာရောက်ကြည့်ရှုကြတဲ့ သူတွေအနေနဲ့လည်း ကျွန်တော်တို့ရဲ့ ဒစ်ဂျစ်တယ်ကော်နာအပါအဝင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲရဲ့ ပြခန်းပေါင်း ၉၉ ခန်းကနေ တွေ့မြင်သိရှိလိုက်တဲ့ MSME ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာဗဟုသုတတွေကို လုပ်ငန်းခွင်တွေ ပြန်ရောက်တဲ့အခါမှာ လုပ်ဖော်ကိုင်ဖက်တွေကို ပြန်လည်မျှဝေဖြန့်ဖြူးပေးကြပါ။ မိမိတို့ရဲ့ လုပ်ငန်းတွေ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးဖို့ ဆက်လက်အသုံးချ ဆောင်ရွက်ကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

အခုလို ပြည်ထောင်စုအဆင့်ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲကိုကျင်းပပြုလုပ်ခြင်းဖြင့် ဒေသအသီးသီးက ထုတ်ကုန်တွေကို တစ်နေရာတည်းမှာ ပြသခွင့်ရရှိတဲ့အတွက် စီးပွားရေးချိတ်ဆက်မှု (Business Engagement)နဲ့ Supply Chain ကို ပိုမိုအားကောင်းစေနိုင်တဲ့အပြင် ဆန်းသစ်တီထွင်ဒစ်ဂျစ်တယ်နည်းပညာအသုံးချမှုတွေကနေတစ်ဆင့် ဒေသထွက်တန်ဖိုးမြှင့်ထုတ်ကုန်တွေကို အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ၊ ပြည်တွင်းဖူလုံစွာ ထုတ်လုပ်နိုင်မှုမှသည် နိုင်ငံတကာဈေးကွက်အထိပါ ထိုးဖောက်နေရာယူနိုင်မှာဖြစ်ပါတယ်။ နိုင်ငံခြားကို တင်ပို့ရောင်းချနိုင်ခြင်းအားဖြင့် နိုင်ငံတော်ရဲ့ အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေးတို့ကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်မှာဖြစ်ပါတယ်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် MSMEတင်မက အခြားကဏ္ဍများစွာကို အထောက်အကူပြုနိုင်မယ့် သိပ္ပံနဲ့ နည်းပညာ၊ အင်ဂျင်နီယာပညာရပ်တွေကို သုတေသနပြုလုပ်ခြင်း၊ အရည်အသွေးပြည့်မီတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ပြုစုပျိုးထောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ MSME လုပ်ငန်းရှင်တွေအနေနဲ့ ကိုယ့်ရဲ့လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ နည်းပညာလိုအပ်ချက်တွေရှိရင်လည်း လုပ်ထုံးလုပ်နည်းနဲ့အညီ ပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။



# တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး အထောက်အကူပြုသိကောင်းစရာများဆွေးနွေး

**ဘားအံ ဖေဖော်ဝါရီ ၂**

ကရင်ပြည်နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အထက်တန်းဆင့်သင် ဆရာ ဆရာမများနှင့် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့်ကျောင်းသား ကျောင်းသူများအား ဘားအံတက္ကသိုလ်နှင့် မော်လမြိုင်တက္ကသိုလ်တို့မှ ပါမောက္ခများ၊ ကထိကများ၏ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများဆွေးနွေးပွဲကို ယမန်နေ့နံနက် ၁၁ နာရီက ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



**ကြိုးစားသင်ကြားပေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက အခြေခံပညာကျောင်းသားလူငယ်များ အဆင့်မြင့်ပညာ၊ သက်မွေးပညာရပ်များ တစ်ဆင့်မြင့်တက်ရောက်သင်ကြားနိုင်ရေး ကြိုးစားအားထုတ်ရမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် သိကောင်းစရာများကို တက္ကသိုလ်များမှ လာရောက်ဆွေးနွေးပေးကြသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ မိမိတို့တပည့်များအတွက် အချိန်ပေးပြီး ဆွေးနွေးပွဲသို့ လာရောက်ပေးကြသည့် ပြည်နယ်အတွင်းရှိ ဆရာ ဆရာမများအနေဖြင့်လည်း တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် ကြိုးစားသင်ကြားပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အောင်ချက်မြင့်မားရေးဘာသာရပ်ဆိုင်ရာ သိကောင်းစရာများဆွေးနွေးပွဲအတွက် ငွေကျပ် ၉၀၈၇၅၀၀ ကို ချီးမြှင့်ပေးအပ်ပြီး ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးနှင့် ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစသိန်းကျော်တို့က ဆွေးနွေးပွဲအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာသိကောင်းစရာများ ဆွေးနွေးပွဲအစီအစဉ်ကို ရှင်းလင်းတင်ပြကြသည်။

ကရင်ပြည်နယ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် သိကောင်းစရာများ ဆွေးနွေးပွဲကို နှစ်ရက်ကြာကျင်းပခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်တွင် တက္ကသိုလ်ဝင်တန်းဘာသာရပ်ကိုးခုအတွက် မော်လမြိုင်တက္ကသိုလ်မှ ပါမောက္ခများက အခြေခံပညာကျောင်းများမှ Grade-12 သင် ဆရာဆရာမ ၈၁၀ တို့အား ဦးဆောင်ဆွေးနွေးပို့ချပေးခဲ့ကာ ဖေဖော်ဝါရီ ၂ ရက်တွင် ဘားအံတက္ကသိုလ်မှ ပါမောက္ခ၊ ကထိကများက ဘာသာရပ်ကိုးခုအတွက် ကျောင်းသား ကျောင်းသူ ၁၆၅၆ ဦးတို့အား ဆက်လက်ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ထားဝယ်တက္ကသိုလ်၌ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တက္ကသိုလ်၏ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ ထားဝယ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ထားဝယ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသန်းသန်းဦး



က ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း သက်ဆိုင်ရာ စာမေးပွဲများတွင် အောင်မြင်ခဲ့သူ မဟာဘွဲ့ရရှိသူ ခုနစ်ဦး၊ ဒီပလိုမာဘွဲ့(စီးပွားရေးဥပဒေ) ရရှိသူ ငါးဦး၊ ဂုဏ်ထူးဘွဲ့ရရှိသူ ငါးဦး၊ ဥပဒေဘွဲ့ရရှိသူ ၁၀ ဦး၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ရရှိသူ ၃၇ ဦးနှင့် ၂၀၂၄ ပညာသင်နှစ် အဝေးသင်သင်တန်းတွင် အောင်မြင်ခဲ့သူ ရိုးရိုးဘွဲ့ရရှိသူ ၁၂၀၊ ဥပဒေဘွဲ့ရရှိသူ ခုနစ်ဦးတို့အား ဘွဲ့အသီးသီးအပ်နှင်းသည်။

အခမ်းအနားတွင် ထားဝယ်တက္ကသိုလ်ပါမောက္ခချုပ်က ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် နိုင်ငံနှင့်လူမျိုးကို ချစ်သောစိတ်ဓာတ်၊ အများအကျိုးကို ဆောင်ရွက်ပေးသောစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အသိတို့ဖြင့် စွမ်းစွမ်းတမံအင်တိုက်အားတိုက် ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ထားဝယ်တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဘာသာရပ်အသီးသီးမှ ပါမောက္ခ/ဌာနမှူးများ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘများ တက်ရောက်ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဂျပန်ပညာရေးပြပွဲ (ရန်ကုန်) ၂၀၂၅ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ဂျပန်ပညာရေးပြပွဲ (ရန်ကုန်) ၂၀၂၅ ကို ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းအမှတ် (၅၂၇) ရှိ M-Tower (၁၈ လွှာ) တွင် ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံး၊ MAJA Education Center၊ OJEIC တို့က ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

ဂျပန်နိုင်ငံရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၊ အသက်မွေးဝမ်းကျောင်းကောလိပ်များနှင့် ဂျပန်နိုင်ငံသင်တန်းကျောင်းများမှ တာဝန်ခံဆရာ ဆရာမများက လာရောက်ရှင်းလင်းပြောကြားမည်ဖြစ်သည်။ ဂျပန်မြန်မာစကားပြန်များကိုလည်း စီစဉ်ပေးထားပြီး လွတ်လပ်စွာ တိုက်ရိုက်မေးမြန်းဆွေးနွေးနိုင်မည်ဖြစ်သည်။ ထို့ပြင် ပါဝင်ပြသကြမည့် ဂျပန်စာသင်ကျောင်းများအကြောင်း မိတ်ဆက်ခြင်း၊ ဂျပန်ပညာတော်သင်ဆိုင်ရာ သိကောင်းစရာများ ဟောပြောဆွေးနွေးခြင်း၊ ပညာသင်ထောက်ပံ့ကြေးဆိုင်ရာအခွင့်အလမ်းများ၊ တက္ကသိုလ်တက်ရောက်နိုင်မည့်အခြေအနေ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ အချိန်ပိုင်းအလုပ်များနှင့် ပညာတော်သင်ဆိုင်ရာ အတွေ့အကြုံများကို ဆွေးနွေးပြောကြားကြမည်။

ပညာတော်သင်ထောက်ပံ့ကြေးရရှိရန် ကျောင်းသား ကျောင်းသူများအတွက် MAJA နှင့် OJEIC အဖွဲ့အစည်းမှ နှစ်စဉ်ပေးအပ်လေ့ရှိသော Scholarship Program များ၊ စာပေပြိုင်ပွဲများကိုလည်း ပြပွဲတွင် ရှင်းလင်းပြောကြားပေးမည်ဖြစ်သည်။

ဂျပန်ပညာရေးပြပွဲ (ရန်ကုန်) ၂၀၂၅ တွင်ပါဝင်မည့်အဖွဲ့အစည်းများနှင့် ကျောင်းများမှာ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံး Kyoto University of Advanced Science၊ Chinzei Gakuin University၊ Chinzei Gakuin University၊ Yu Language Academy၊ Okayama University Japan Education Information Center (OJEIC)၊ Myanmar Association of Japan Alumni (MAJA) တို့ဖြစ်ကြသည်။

ပြပွဲသို့ ကျောင်းသားမိဘများနှင့် ဂျပန်စာသင်တန်းကျောင်းများမှ ဆရာ ဆရာမများလည်း တက်ရောက်ရန်ဖိတ်ကြားထားသည်။

**မျိုးမင်းသူရ**

# သာစည်မြို့မရဲစခန်း၌ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းသရုပ်ပြ

**သာစည် ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ယနေ့နံနက် ၁၀ နာရီက မြို့မရဲစခန်း၌ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းများ ဆောင်ရွက်ကြသည်။



ဦးစွာ ပွင့်လင်းရာသီသို့ရောက်ရှိလာတော့မည်ဖြစ်ရာ မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးမှုများကို မှတ်သားပြီး လိုက်နာဆောင်ရွက်ကြရန်မှာကြားသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးအသုံးပြုနည်း ပြသကာ လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကိုရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူရယူနိုင်သော နေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများ ပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်





နေပြည်တော် ဖေဖော်ဝါရီ ၂

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်တို့ အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင်ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ အခြေပြု၍ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၁၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၁၆ ဦး၊ ခွဲစိတ်ရောဂါ ၅၂ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၄ ဦး၊ ကလေးရောဂါ ၂၂ ဦး၊ အရိုးရောဂါ ၁၀၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၂ ဦး၊ မျက်စိရောဂါ ၂၁၀ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ကိုးဦး၊ မျက်စိခွဲစိတ်လူနာ ၃၅ ဦး၊ ခါတ်မှန်ရိုက်လူနာ ၄၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၇၁ ဦးနှင့် ခါတ်ခွဲစမ်းသပ်လူနာ ၁၀၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သည့်လူနာ ၃၅ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။






ထို့အပြင် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)မှ ခွဲစိတ်ပါရဂူ၊ ကလေးပါရဂူ၊ မေ့ဆေးပါရဂူနှင့်အဖွဲ့သည် ဟိုင်းကြီးကျွန်းမြို့ရှိတပ်မတော်ဆေးရုံ၌ ဟိုင်းကြီးကျွန်းမြို့နယ် မောင်ပါကျေးရွာနေ ဦးမောင်မောင်ကြည်၏ ဇနီးဖြစ်သူ ဒေါ်နှင်းနှင်းအေးကို မွန်းလွဲ ၂ နာရီ ၃၂ မိနစ်တွင် ၆ ပေါင် ၃ အောင်စရှိ သမီးတစ်ဦးအား အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။

၎င်းကလေးငယ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ပေးအပ်သည့် ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်သည်။ အဆိုပါကလေးငယ်သည် ယခုခရီးစဉ်အတွင်း ပထမဆုံးအကြိမ် မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သမိုင်းမှတ်တမ်းတွင် ၂၂ဦးမြောက်အဖြစ် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုကြားသိခဲ့ရပါသည်-

"ကျွန်တော်ကတော့ ခန္ဓာကိုယ်အဆီအကျိတ်တွေကို လာပြတာပါ။ ဒီမှာ ပါရဂူတွေကိုယ်တိုင်လာပြီးတော့ ထိထိရောက်ရောက်ကုသပေးတဲ့အတွက် ကျွန်တော်တို့အားလုံး အဆင်ပြေကြပါတယ်။ ရောဂါကြီးသမားတွေ၊ အထွေထွေရောဂါပြသသူတွေ အဝေးမသွားရဘဲ ဒီမှာတင် ပြသကုသခွင့်ရတဲ့အတွက် အားလုံးအဆင်ပြေချောမွေ့ပါတယ်။ နိုင်ငံတော်အကြီးအကဲနှင့် လာရောက်ကုသပေးတဲ့ ဆရာဝန်တွေ၊ ဆရာဆရာမတွေ အားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ဝမ်းသာပီတိ ဖြစ်ရပါတယ်။"

"မရမ်းကွင်းကပါ။ မျက်စိလာပြတာပါ။ ဆရာဝန်က ပုသိမ်သွားပြီး မျက်မှန်လုပ်ဖို့ ပြောပါတယ်။ အရင်ကလည်း မျက်စိပြဖူးပါတယ်။ အခုတော်တော် အဆင်ပြေသွားပါပြီ။ မျက်စိလည်းအရင်ထက်ကြည့်ရတာ ပိုကောင်းသွားတယ်။ အထူးကိုပဲ ကျေးဇူးတင်ပါတယ်။ ဒီမှာ ထမင်းလည်း ကျွေးတယ်။ ကားခကအစ လမ်းစရိတ်အကုန်စရိတ်ငြိမ်း လုပ်ပေးတာပါ။ ဒါကြောင့်မို့ ကျွန်မတို့က ကျေးဇူးတင်ပါတယ်။ ဒီဆေးသင်္ဘောလာမယ်ဆိုတာ လူကြီးကဖုန်းဆက်ပြီး အကုန်ပြောပေးတယ်။ အဲဒီတော့ သားတွေကို ပြောတယ်။ ဆရာဝန်တွေ၊ ပါရဂူတွေရောက်မယ်လို့ဆိုပြီး လာပြတာ။ မနေ့ကပဲ လာသေးတယ်။ သင်္ဘောက မရောက်သေးလို့ ဒီနေ့ထပ်လာပြတာပါ။ သင်္ဘောဆိုက်တော့ ကားနဲ့ အလကား လာကြိုပေးတယ်။ ထမင်းကျွေးတဲ့သူတွေရော လာကုပေးကြတဲ့ ဆရာဝန်တွေရော ဆရာ ဆရာမတွေ အကုန်လုံးကို ကျေးဇူးတင်ပါတယ်။"

**သတင်းစဉ်**

## ကျိုက်မရောမြို့၌ အသက် နှစ်နှစ်အောက်ကလေးများအား ကာကွယ်ဆေးထိုး

ကျိုက်မရော ဖေဖော်ဝါရီ ၂

ကျိုက်မရောမြို့နယ်အတွင်းရှိ အသက် နှစ်နှစ်အောက်ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးခြင်းနှင့်ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက အောင်သုခရပ်ကွက်ရှိ မိခင်နှင့်ကလေးကျန်းမာရေးဆေးပေးခန်း၌ ပြုလုပ်သည်။



အဆိုပါ ပုံမှန်ကာကွယ်ဆေးထိုးနှံရာ၌ အသက် နှစ်နှစ်အောက်ကလေးများအား လစဉ်လဆန်းတစ်ရက်နေ့မှစ၍ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ ကျန်းမာရေးဆေးခန်းများ၌ တစ်ပြိုင်တည်း ထိုးနှံပေးလျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အသည်းရောင်အသားဝါ(ဘီ) ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးများကို အသက်အရွယ်အပိုင်းခြားအလိုက် ထိုးနှံခြင်း၊ ဆေးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင် မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်းများကို ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက လစဉ် ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည် ။

**မြို့နယ်(ပြန်/ဆက်)**

### ဆောင်းရာသီတွင် ဖြစ်ပွားလေ့ရှိသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက် (၁၃-၁-၂၀၂၅)

ဆောင်းရာသီကာလတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သော ရာသီတုပ်ကွေးရောဂါပိုးများ၊ ကိုဗစ် - ၁၉ ရောဂါပိုး၊ Human metapneumovirus(HMPV) ရောဂါပိုးစသည့် အဏုဇီဝရောဂါပိုးများ ကူးစက်ဖြစ်ပွားမှုမြင့်တက်လေ့ရှိပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ရောဂါပိုမိုပြင်းထန်စွာ ခံစားရစေနိုင်သည်။

#### ရောဂါကူးစက်ပုံ နည်းလမ်းများ

- ရောဂါပိုးကူးစက်ခံစားနေရသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှထွက်ရှိသည့် အစက်အမှုန်များ(Droplets) မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှ တစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးကပ်တင်နေသည့် အရာဝတ္ထုပစ္စည်းများ၊ မျက်နှာပြင်များအား လက်ဖြင့်ထိမိပြီး ပါးစပ်၊နှာခေါင်းနှင့် မျက်စိတို့အား ထပ်ဆင့်ထိမိရာမှ တစ်ဆင့်ကူးစက်ခြင်း။

#### ရောဂါလက္ခဏာများ

- ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာစေးနှာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကျပ်ခြင်း၊
- ရောဂါပြင်းထန်ပါက လေပွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း။

#### ရောဂါကာကွယ်ရေးနည်းလမ်းများ

- ရောဂါသံသယလက္ခဏာများ ခံစားရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ဝတ်ဆင်ခြင်း၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးပါက နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ အခြားသူများနှင့် ခပ်ခွာခွာနေခြင်း။

လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအနေဖြင့် ရောဂါကူးစက်ခံရမှုမရှိစေရေး သတိပြုကာကွယ်ကြရန်နှင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ စောစီးစွာ သွားရောက်ပြသ၍ ကုသမှုခံယူကြရန် ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# အောင်မြင်နေသည့် ဗီယက်နမ်နိုင်ငံခရီးသွားလုပ်ငန်း

**စိုးသူရ**

ဗီယက်နမ်နိုင်ငံသည် နိုင်ငံ၏ ကြွယ်ဝသော ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝအလှအပများကို အခြေခံ၍ အာရှဒေသ၏ထိပ်တန်းခရီးသွားနိုင်ငံများစာရင်းတွင် ပါဝင်ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဗီယက်နမ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍသည် အရည်အသွေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဂရုစိုက်ကာ လာရောက်လည်ပတ်သူအရေအတွက် များပြားလာရေးအတွက် စနစ်တကျအစီအမံများ ချမှတ်၍ ဆောင်ရွက်နေသည်။

ရည်မှန်းချက်မှာ နိုင်ငံ၏ကျော်ကြားသည့် ခရီးသွားဆိုင်ရာနေရာများဖြင့် ခရီးသွားလုပ်ငန်းမှ နိုင်ငံ့ဝင်ငွေ တိုးတက်ရရှိစေရန်ဖြစ်သည်။

နိုင်ငံအတွင်းရှိ ခရီးသွားနေရာအချို့ကို ဗဟုသုတဖြစ်ဖွယ် ဖော်ပြလိုက်ပါသည်။

**လှပသည့် ဟာလောင်းပင်လယ်အော်**

ဗီယက်နမ်အရှေ့မြောက်ပိုင်းရှိ ယူနက်စကိုစာရင်းဝင် ဟာလောင်းပင်လယ်အော်သည် ၎င်း၏ မြသားရောင်ရေပြင်အပါအဝင် မိုးသစ်တောများ ပေါက်ရောက်နေသည့် ထုံးကျောက်တောင်များဖြင့် ဖွဲ့စည်းထားသည့်ကျွန်းများကြောင့် ထင်ရှားသည်။ ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် ဟာလောင်းပင်လယ်အော်ရှိ ရေပြင်အတွင်း အပျော်စီးသင်္ဘောကိုစီးနင်းကာ သဘာဝအလှများကိုခံစားနိုင်သည်။ ထို့ပြင် ဟာလောင်းပင်လယ်အော်ကမ်းခြေတစ်လျှောက်တွင် ခရီးသွားလုပ်ငန်းအတွက် ဖွင့်လှစ်ထားသည့် ဂူများကိုလေ့လာခြင်းနှင့် ပင်လယ်ရေပြင်အတွင်း ကယက်လှေလှော်ခြင်းတို့ကို ဆောင်ရွက်အပန်းဖြေနိုင်သည်။



**ဟန္နိုင်းမြို့**

ဟန္နိုင်းမြို့တော်တွင် ရှေးဟောင်းခေတ်ဟောင်း အလှအပများကို တွေ့ကြုံခံစားရနိုင်ပြီး ရှေးဟောင်းရပ်ကွက်များ၊ ရဲတိုက်များ၊ ဂူသင်္ချိုင်းများကိုမြင်တွေ့နိုင်သည်။ လမ်းများတွင် ကော်ဖီဆိုင်များ အများအပြားတည်ရှိနေသည်ကို တွေ့မြင်နိုင်သည်။



**ဟိုချီမင်းမြို့**

ဗီယက်နမ်နိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းကို အစွဲပြုမှည့်ခေါ်ထားသည့် ဟိုချီမင်းမြို့တွင် ကမ္ဘာလှည့်ခရီးသွားများအနေဖြင့် သမိုင်းဝင် ပြင်သစ်ဗိသုကာလက်ရာများနှင့် မိုးမျှော်တိုက်များကို မြင်တွေ့နိုင်သည်။ ၎င်း၏ ရာစုနှစ်ဟောင်း အဆောက်အအုံများ၊ ကမ္ဘာ့အဆင့်မီ အစားအစာများ၊ ကော်ဖီဆိုင်များကြောင့် ဧည့်သည်များသည် ခေတ်ဟောင်းနှင့် ခေတ်သစ်ပေါင်းစပ်ထားမှုကို ခံစားနိုင်သည်။

**လက်ချောင်းတံတား**

ဗီယက်နမ်နိုင်ငံရှိ ကမ္ဘာလှည့်ခရီးသွားများ လည်ပတ်ရာ ကျော်ကြားသည့်နေရာတစ်ခုကို ညွှန်ပြပါဟုဆိုလျှင် ဒါနန်းမြို့အနီးရှိ ဗာနာတောင်တန်းဒေသတွင်တည်ရှိသော လက်ချောင်းတံတားခေါ် ရွှေတံတားကို ညွှန်းဆိုရမည်ဖြစ်သည်။

၎င်းတံတားသည် ရောမလက်နှစ်ဖက်ဖြင့် မထားသည့်ပုံ တည်ဆောက်ထားသော လက်ရာကြောင့် နာမည်ကြီးသည်။

ယခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံသို့ ပြည်ပခရီးသွား ၂၃ သန်း လာရောက်ရန် ရည်မှန်းချက်ထားရှိရာ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ အရှေ့တောင်အာရှဒေသ၊ မြောက်အမေရိက၊ အိန္ဒိယနှင့် အရှေ့အလယ်ပိုင်းကဲ့သို့သော ဒေသများမှ ခရီးသည်အများအပြား ဝင်ရောက်လာစေရေးအတွက် ဗီယက်နမ်နိုင်ငံက ဆောင်ရွက်နေသည်။

အွန်လိုင်းမှလေ့လာချက်များအရ ဗီယက်နမ်လူငယ်များအကြား အင်္ဂလိပ်ဘာသာစကား တတ်ကျွမ်းမှုစွမ်းရည်မြင့်မားမှုကိုလည်း တွေ့မြင်ရခြင်းဖြင့် ၎င်းအချက်သည် ခရီးသွားလုပ်ငန်း အောင်မြင်ခြင်း၏ အဓိကအချက်ဖြစ်ကြောင်း တွေ့ရှိရသည်။

**ကိုးကား – vietnam .TRAVEL**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ဦးစီးမှူးရုံးမှ ပြည်သူများအား ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ရွာသာကြီးရပ်ကွက်တွင် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းအား ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်လဝကဦးစီးမှူး ဦးကျော်ဝင်းထွန်း၏ ကြီးကြပ်မှုဖြင့် ဒုလဝကမှူး ဒေါ်အေးအေးအောင် ခေါင်းဆောင်သော အဖွဲ့(၃)သည် ပန်းခင်းစီမံချက်(၃)ဖြင့် မြေပြင်ကွင်းဆင်းကောက်ယူပြီးစီးခဲ့သည့် လူဦးရေစာရင်းများထဲမှ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ဖြည့်သွင်းထားခြင်းမရှိသေးသော အသက် (၁၆-၁၈)ကြား၊ ၁၈ နှစ်အထက်နှင့် ရွှေ့ပြောင်းနေထိုင်သူများအား ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် အိမ်ထောင်စုမရှိဘဲ ပုံစံအလွတ်ဖြင့် ကောက်ယူလာသူများ၊ (ယာယီအိမ်ထောင်စု)ထဲမှ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများနှင့် ရွှေ့ပြောင်းနေထိုင်သူများအား ရွာသာကြီးရပ်ကွက်(အအေးခန်းစက်ရုံဝင်း)တွင် M တံဆိပ် အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ပန်းခင်းစီမံချက်(၃)အား အောက်တိုဘာလကုန်အထိ တိုးမြှင့်ကြောင်း သိရသည်။

**အေးမဥ္ဇူ**



○ ထမံသီမှ

တောရိုင်းတိရစ္ဆာန်မျိုးစိတ်တွေရဲ့ ထူးခြားမှုကို သိရှိရမှာပါ။ ဒီလိုဘေးမဲ့တောတွေ ရေရှည်တည်တံ့ခိုင်မြဲဖို့ ဒေသခံပြည်သူအားလုံး ပူးပေါင်းပါဝင် ထိန်းသိမ်းစောင့်ရှောက်ဖို့လည်း လိုအပ်ပါတယ်”ဟု ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က ပြောသည်။

ယမန်နှစ်ကလည်း ထမံသီ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ကင်မရာထောင်ချောက် ၂၄ လုံး တပ်ဆင်၍ တောရိုင်းတိရစ္ဆာန်များ သွားလာကျက်စားမှုကို စောင့်ကြည့်ခဲ့ရာ ဘင်္ဂလားကျား၊ မလေးရှားနှင့် ဟိမဝန္တာဝက်ဝံမျိုးစိတ်၊ ဆင်၊ အင်းကျား၊ ကြောင်မျိုးစိတ်၊ ပြောင်နှင့် ရှားပါးမျိုးစိတ် ၂၅ မျိုးကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် သဘာဝထိန်းသိမ်းရေး နယ်မြေများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အထူးသဖြင့် ကမ္ဘာ့ရှားပါးစာရင်းဝင် ဘင်္ဂလားကျား၊ ရင်ဘတ်တွင် အဖြူရောင် ဗွီပုံသဏ္ဌာန်ရှိသည့် ဟိမဝန္တာဝက်ဝံနှင့် ရင်ဘတ်တွင် အဖြူရောင် ယူပုံသဏ္ဌာန်ရှိသည့် မလေးရှားဝက်ဝံမျိုးစိတ် နှစ်မျိုး ရှင်သန်ကျက်စားလျက်ရှိသည်။

ထို့ပြင် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် နို့တိုက်သတ္တဝါ ၅၇မျိုး၊ ငှက်မျိုးစိတ် ၃၃၂ မျိုး၊ ငါးမျိုးစိတ် ၆၇ မျိုး၊ ကုန်းနေ၊ ရေနေနှင့် တွားသွားသတ္တဝါ ၇၇ မျိုး၊ အပင်မျိုးစိတ် ၄၃၂ မျိုး၊ ဆေးဖက်ဝင်အပင် ၁၉ မျိုး၊ ဝါး ၁၄ မျိုး၊ ကြိမ်ရှစ်မျိုး၊ ရေနေပင် ၂၃ မျိုး၊ မြက် ၁၈ မျိုးနှင့် သစ်ခွမျိုးစိတ် ၁၆ မျိုး တည်ရှိနေသည့်အပြင် တိုက်လိပ်အပါအဝင် မြန်မာနိုင်ငံတွင်သာ တွေ့ရှိရသည့် ရှားပါးတောရိုင်းတိရစ္ဆာန် မျိုးစိတ်များလည်း တည်ရှိနေသည်။

ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ၁၉၇၄ ခုနှစ် မေလတွင် သတ်မှတ်ခဲ့ပြီး ၁၉၉၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ဟုမ္မလင်းမြို့၌ အုပ်ချုပ်ရေးမှူးရုံး ဖွင့်လှစ်၍ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကာ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်ကြီးအဖြစ် သတ်မှတ်ခံခဲ့ရကြောင်း သိရသည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ – ထမံသီဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံး**



ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ကျက်စားသည့် ဝက်ဝံကိုတွေ့ရစဉ်။

# ဂါဇာကမ်းမြောင်ဒေသတွင် နေထိုင်သူများကို ပြောင်းရွှေ့ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အဆိုပြုချက်အပေါ် ပါလက်စတိုင်းသားများက ဆန္ဒထုတ်ဖော်

**ဂါဇာစီးတီး ဖေဖော်ဝါရီ ၂**

ဂါဇာကမ်းမြောင်ဒေသတွင် နေထိုင်သူများကို အီဂျစ်နှင့် ဂျော်ဒန်နိုင်ငံတို့သို့ ပြောင်းရွှေ့ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အဆိုပြုချက်ကို ဂါဇာဒေသရှိ ပါလက်စတိုင်းသား ဒါဇင်ပေါင်းများစွာက ယမန်နေ့တွင် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဆန္ဒထုတ်ဖော်သူများသည် အဆိုပါ အစီအစဉ်ကို ပြတ်ပြတ်သားသား ပယ်ချခဲ့သည့် အီဂျစ်နိုင်ငံကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆန္ဒပြသူများသည် ဂါဇာမြို့တော် အလယ်ပိုင်းရှိ အယ်လ်-ဆာရာယာရင်ပြင်နှင့် ကမ်းမြောင်အလယ်ပိုင်းရှိ ဒီယာအယ်လ်ဘာလာရှ်မြို့တို့၌ ပါလက်စတိုင်းနှင့် အီဂျစ်အလံများကို ဝှေ့ယမ်းကာ စုဝေးခဲ့ကြသည်။

"အီဂျစ်သည် ပါလက်စတိုင်းအရေးကို ထောက်ခံသည့် စစ်မှန်သော ထောက်ခံသူအဖြစ် အမြဲရပ်တည်မည်ဖြစ်ပြီး ၎င်း၏ ပြည်သူများ အိုးမဲ့အိမ်မဲ့ဖြစ်မှုကို မည်သည့်အခါမှ လက်ခံမည်မဟုတ်ပါ"ဟု ရေးသားထားသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ၎င်းတို့သည် ပါလက်စတိုင်းတို့၏အခွင့်အရေးများ ပျက်ပြားစေရန် ကြိုးပမ်းမှုမှန်သမျှကိုဆန့်ကျင်ပြီး စည်းလုံးညီညွတ်စွာ ရပ်တည်ကြရန် ပါလက်စတိုင်းတို့အား ၎င်းတို့၏ မြေယာပေါ်တွင် ခိုင်မြဲစွာရပ်တည်ကာ ၎င်းတို့၏ ပြန်လာခွင့်နှင့် လွတ်လပ်ရေးတို့ကို ကတိကဝတ်ပြုရန် တောင်းဆိုခဲ့သည်။

အလားတူ ဟားမတ်စ်အဖွဲ့သည် ဂါဇာကမ်းမြောင်ဒေသရှိ ပြည်သူများကို ပြည်ပသို့ ပြောင်းရွှေ့နေရာချထားရေးဆိုင်ရာ အမေရိကန်၏ အဆိုပြုချက်ကို "အဓိပ္ပာယ်မဲ့ပြီး တန်ဖိုးမရှိ"ဟု ငြင်းဆိုပြောကြားခဲ့သည်။

နေရာရွှေ့ပြောင်းရေးအစီအစဉ်များအပေါ် အမေရိကန်အစိုးရ၏ အခိုင်အမာပြောဆိုမှုသည် ဒေသတွင်း မငြိမ်မသက်မှုများနှင့် တင်းမာမှုများကို ပိုမိုပြင်းထန်စေကြောင်း ဟားမတ်စ်တာဝန်ရှိသူ ဆာမီ အဘူဇူရီက သတိပေးခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်းများ ဆက်လက်တည်ရှိနေစေရန်အတွက် ပြီးပြည့်စုံသော ပြန်လည်ထူထောင်ရေးအစီအစဉ်ကို အမြန်အကောင်အထည်ဖော်ရန် အာရပ်အဖွဲ့ချုပ်နှင့်အတူ အာရပ်နိုင်ငံများမှ ကိုယ်စားလှယ်များက ဖေဖော်ဝါရီ ၁ ရက်တွင် တောင်းဆိုခဲ့ကြောင်း သိရသည်။




အဆိုပါ အစည်းအဝေးသို့ အီဂျစ်၊ ဂျော်ဒန်၊ယူအေအီး၊ဆော်ဒီအာရေးဗီးယားနှင့် ကာတာနိုင်ငံခြားရေးဝန်ကြီးများ၊ ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့၏ အမှုဆောင်ကော်မတီ အထွေထွေအတွင်းရေးမှူး ဟူစိန် အယ်လ်ရှိတ်နှင့် အာရပ်အဖွဲ့ချုပ်အကြီးအကဲ အာမက်အာဘော့ဂီရေ့တို့ တက်ရောက်ခဲ့ကြသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



## တရုတ်သွင်းကုန်များအပေါ် အခွန်ကောက်ခံသည့် အမေရိကန်၏ တရားမျှတမှုမရှိသည့် ဆောင်ရွက်ချက်ကို ဆန့်ကျင်ဟု တရုတ်ပြောကြား

**ပေကျင်း ဖေဖော်ဝါရီ ၂**

တရုတ်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ တင်သွင်းသည့် သွင်းကုန်များအပေါ် ဆယ်ရာခိုင်နှုန်း အခွန်ကောက်ခံသည့် အမေရိကန်၏ တရားမျှတမှုမရှိသည့် ဆောင်ရွက်ချက်ကို ဆန့်ကျင်ကြောင်း တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အမေရိကန်နိုင်ငံ၏ ၎င်းတစ်ဖက်သတ်ဆောင်ရွက်ချက်အား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ စွဲဆိုတင်ပြမည်ဖြစ်ပြီး တရုတ်နိုင်ငံ၏ တရားဝင်ရသင့်သည့် ရပိုင်ခွင့်နှင့် အခွင့်အရေးများ မဆုံးရှုံးစေရေး ဆောင်ရွက်မည်ဟု တရုတ်နိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက မှတ်ချက်ပြုပြောကြားသည်။

ယင်းဆောင်ရွက်ချက်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏စည်းကမ်းကို ချိုးဖောက်သည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။ တရုတ်နိုင်ငံက အမေရိကန်နိုင်ငံသို့ အကိုက်အခဲပျောက်ဆေးဖော်စပ်ရာ၌ အသုံးပြုသည့် ဓာတုပစ္စည်းတင်သွင်းမှု အပေါ်တွင်လည်း အမေရိကန်၏ တစ်ဖက်သတ်အရေးယူဆောင်ရွက်မှုများကို ချင့်ချိန်ဆောင်ရွက်ရန် ယင်းတာဝန်ရှိသူက ပြောကြားသည်။ အမေရိကန်နိုင်ငံအနေဖြင့် အခြားနိုင်ငံများအပေါ်တွင် ကုန်သွယ်ခွန်စည်းကြပ်ရာ၌ မှုတစွာဆောင်ရွက် ရန် ၎င်းတာဝန်ရှိသူကမှန်ကြားခဲ့သည်။

တရုတ်နိုင်ငံနှင့်အမေရိကန်အကြား အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် အမေရိကန်အနေဖြင့် တရားမျှတမှု၊ အပြန်အလှန်အကျိုးရှိမှုနှင့် အပြန်အလှန်ယုံကြည်လေးစားမှုတို့ကို လက်ကိုင်ထားဆောင်ရွက်သင့်ကြောင်း ၎င်းက ပြောကြားသည်။

အလားတူ မက္ကဆီကိုနှင့် ကနေဒါနိုင်ငံများကလည်း ၎င်းတို့၏ ကုန်ပစ္စည်းများအပေါ်တွင် အမေရိကန်က အခွန်များကောက်ခံခြင်းအပေါ် ကန့်ကွက်ကြောင်း အသီးသီးပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ဆိုမာလီယာနိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်များက အိုင်အက်စ်စစ်သွေးကြွများကို လေကြောင်းတိုက်ခိုက်

**မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၂**

ဆိုမာလီယာနိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်များက အိုင်အက်စ်စစ်သွေးကြွများကို ပစ်မှတ်ထားပြီး လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင်အများအပြား သေဆုံးခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယနေ့ပြောကြားသည်။

သမ္မတ ဒေါ်နယ်ထရမ့်သည် ဆိုမာလီယာရှိ အိုင်အက်စ်အဖွဲ့အား လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ရန် ဖေဖော်ဝါရီ ၁ ရက်တွင် အမိန့်ပေးခဲ့ကြောင်း ပြောကြားသည်။

ဆိုမာလီယာနိုင်ငံအတွင်းရှိ ဂူများအတွင်း ပုန်းအောင်းလျက်ရှိသည့် အကြမ်းဖက်သမားများသည် အမေရိကန်နှင့် ၎င်း၏မဟာမိတ်များကို ခြိမ်းခြောက်လျက်ရှိကြောင်း ဒေါ်နယ်ထရမ့်က ပြောကြားသည်။

ထို့ပြင် အမေရိကန်တပ်မတော်သည် အိုင်အက်စ်စစ်သွေးကြွများကို နှစ်ပေါင်းများစွာ ပစ်မှတ်ထားခဲ့သော်လည်း သမ္မတဟောင်း ဂျိုးဘိုင်ဒင်နှင့် ၎င်း၏ မိတ်ဖက်နိုင်ငံများက အိုင်အက်စ်စစ်သွေးကြွများကို ယခုကဲ့သို့ ချေမှုန်းသုတ်သင်နိုင်မည်မဟုတ်ကြောင်း ဒေါ်နယ်ထရမ့်က ထပ်လောင်းပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် ဆိုမာလီယာအစိုးရနှင့် ပူးပေါင်းပြီး နိုင်ငံ၏ မြောက်ဘက် တောင်တန်းဒေသတွင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး ပီတီ ဟက်ဂ်ဇက်က ပြောကြားသည်။

ထို့ပြင် သမ္မတ ထရမ့်၏ဦးဆောင်မှုအောက်တွင် အခြားသော စစ်ဆင်ရေးများစွာကို လုပ်ဆောင်လျက်ရှိပြီး အကြမ်းဖက်သမားများကို ရှာဖွေနှိမ်နင်းရန် အမြဲတမ်းအဆင်သင့်ရှိကြောင်းလည်း ပီတီ ဟက်ဂ်ဇက်က အလေးပေးပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## အီရန်နိုင်ငံ၏ နျူကလီးယားစက်ရုံများအား အမေရိကန်က တိုက်ခိုက်ပါက တုံ့ပြန်တိုက်ခိုက်မည်

**တီဟီရန် ဖေဖော်ဝါရီ ၂**

အီရန်နိုင်ငံ၏ နျူကလီးယားစက်ရုံများအား အမေရိကန်က တိုက်ခိုက်မှုများဆောင်ရွက်မည်ဆိုပါက တုံ့ပြန်တိုက်ခိုက်မည်ဟု အီရန်နိုင်ငံခြားရေး ဝန်ကြီး ဆယတ်အဗတ်အေရာချီက ယမန်နေ့တွင် သတိပေးပြောကြားသည်။

အီရန် နျူကလီးယားစက်ရုံများအား အစ္စရေးက တိုက်ခိုက်မည်ဟု ပြောကြားခဲ့ပြီးနောက် ၎င်းတိုက်ခိုက်မှုများဆောင်ရွက်ပါက အကြီးဆုံး သမိုင်းဝင်အမှားကို အစ္စရေးက ကျူးလွန်လိုက်သကဲ့သို့ဖြစ်သွားနိုင်သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးကတုံ့ပြန်ပြောကြားခဲ့သည်။

အီရန်နိုင်ငံက နျူကလီးယားစွမ်းအင် ထုတ်လုပ်ခြင်းသည် ပြည်တွင်း၌ နျူကလီးယားစွမ်းအင်သုံးစွဲမှုမြင့်တင်ရန်အတွက် ဆောင်ရွက်သည့် အကျိုးရှိသည့် ဆောင်ရွက်ချက် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အီရန်၏ နျူကလီးယားစွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းသည် နိုင်ငံကာကွယ်ရေးအတွက်သာဖြစ်ပြီး အခြားနိုင်ငံများကို တိုက်ခိုက်ရန် မရည်ရွယ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ဂျပန်နိုင်ငံ၌ နိုင်ငံခြားသားအလုပ်သမားဦးရေ ယမန်နှစ်အတွင်း ၂ ဒသမ ၃ သန်းကျော်ရှိ

**တိုကျို ဖေဖော်ဝါရီ ၂**

ဂျပန်နိုင်ငံ၌ နိုင်ငံခြားသားအလုပ်သမားဦးရေသည် ယမန်နှစ်အတွင်း ၂ ဒသမ ၃ သန်းကျော်ရှိကာ စံချိန်တင်မြင့်တက်ခဲ့ကြောင်း ဂျပန်အစိုးရ၏ ကိန်းဂဏန်းများအရ သိရသည်။

၂၀၀၇ ခုနှစ်မှစတင်၍ နိုင်ငံခြားသားအလုပ်သမားများအတွက် လုပ်ငန်းခွင်အခြေအနေများ တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် လုပ်ငန်းရှင်များအား နိုင်ငံခြားသားအလုပ်ခန့်အပ်မှုအခြေအနေနှင့်ပတ်သက်ပြီး ပြည်တွင်းဝန်ကြီးဌာနရုံးများသို့ အစီရင်ခံတင်ပြရန် တောင်းဆိုခဲ့သည်။

၂၀၂၄ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ ဂျပန်နိုင်ငံတွင် နိုင်ငံခြားသားအလုပ်သမား ၂၃၀၂၅၈၇ ဦး ရှိကြောင်းသိရသည်။ အဆိုပါအရေအတွက်သည် ၂၀၂၃ ခုနှစ် အလားတူကာလထက် ၁၂ ဒသမ ၄ ရာခိုင်နှုန်း တိုးလာခဲ့ပြီး ၁၂ နှစ်ဆက်တိုက် စံချိန်တင်မြင့်မားခဲ့သည်။

နိုင်ငံအတွင်းရှိ နိုင်ငံခြားသားအလုပ်သမားများအနက် ၅၇၀၇၀၈ ဦးသည် ဗီယက်နမ်နိုင်ငံမှဖြစ်ပြီး နိုင်ငံခြားသားအလုပ်သမားအားလုံး၏ လေးပုံတစ်ပုံနန့်ရှိသည်။ တရုတ်နိုင်ငံမှ ၄၀၈၈၀၅ ဦးနှင့် ဖိလစ်ပိုင်နိုင်ငံမှ ၂၄၅၅၆၅ ဦးရှိကြောင်း သိရသည်။

နိုင်ငံခြားသားအလုပ်သမားဦးရေ နှစ်စဉ်တိုးတက်မှုနှုန်းအရ မြန်မာနိုင်ငံသည် ၆၁ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံသည် ၃၉ ဒသမ ၅ ရာခိုင်နှုန်းနှင့် သီရိလင်္ကာနိုင်ငံသည် ၃၃ ဒသမ ၇ ရာခိုင်နှုန်းတို့ ဖြစ်သည်။

နိုင်ငံခြားသား အလုပ်သမားများအနက် ၂၀၇၀၀၀ ခန့်သည် "ကျွမ်းကျင်လုပ်သား" ဟု သတ်မှတ်ခံထားရသည်။ ၂၀၁၉ ခုနှစ်မှစပြီး ဆောက်လုပ်ရေးနှင့် သူနာပြုစောင့်ရှောက်မှုကဲ့သို့သော နယ်ပယ် ၁၆ ခုတွင် အထူးပြုကျွမ်းကျင်မှုရှိသည့် နိုင်ငံခြားသားများအား နေထိုင်ခွင့်အဆင့်ကို ပေးအပ်လျက်ရှိကြောင်း သိရသည်။

အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု၊ သူနာပြုနှင့် ဆောက်လုပ်ရေးလုပ်ငန်းစသည့် နယ်ပယ်များတွင် နိုင်ငံခြားသားအလုပ်သမားအရေအတွက် ဆက်တိုက်တိုးပွားလျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Chenglong Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၈၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်ပလိန်လမ်း လှာကမြင်ပန်းခြံအနီး၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ဆိုင်ကယ်အပိုပစ္စည်း ၂၄ မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၇၈၇၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၇၈၇၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၃၇၁ တန်၊ အခြားသစ် ၁ ဒသမ ၇၆၈ တန် (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၀၀၁၅) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၃၃၅၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

လည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ဟုမ္မလင်းမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၀၅၅၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်း ကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃၆၆/၆) တံခွန်တိုင် အပိုင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၁၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Ankai Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်း ကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၂၂၃၉၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁ ရက်တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၈၆၃၉၀၁၅) ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည် လုပ်ငန်းရှင်များအတွက် ဈေးကွက် ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံး နစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီး စစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ရန်ကင်းမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**ရန်ကင်း ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ယနေ့နံနက် ၉ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ရန်ကင်းမြို့နယ်မီးသတ်စခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကင်းမြို့နယ် အမှတ်(၁၃)ရပ်ကွက် အောင်ချမ်းသာလမ်းနှင့် မြနန္ဒာလမ်းထောင့် အမှတ်(၄၅၇) အိမ်ရှင် ဦးဆန်းညွန့်လွင်၏ နေအိမ်ဘုရားစင်တွင် လူစောင့်မရှိဘဲ ဖယောင်းတိုင်မီးဖြင့် ဘုရားမီး ပူဇော်ခဲ့ရာမှ မီးလောင်မှုစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးလောင်ရာသို့ ရန်ကင်းမြို့နယ် မီးသတ်စခန်းမှ မီးသတ်ဦးစီးမှူးဦးဆောင်ပြီး ငြှိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ မိနစ်၂၀ တွင် မီးငြိမ်းသွားခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် တာဝန်ရှိသူ အိမ်ပိုင်ရှင်အား ရန်ကင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

## တောင်ငူမြို့၌ မီးလောင်မှုဖြစ်ပွား

**တောင်ငူ ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၈)ရပ်ကွက် အုတ်ကျုတ်တန်း ရန်ကုန်-မန္တလေးလမ်းဘေးရှိ အောင်ချမ်းသာ ကား၊ ဆိုင်ကယ် အပိုပစ္စည်း အရောင်းဆိုင်တွင် ယနေ့ညနေ ၅ နာရီ ၅၂ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားသည်။

အဆိုပါမီးလောင်မှုကို တောင်ငူမြို့နယ် မီးသတ်စခန်းမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

**လူ၊ တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိ**

မီးလောင်မှု အကြောင်းရင်းမှာ ဆိုင်အပေါ်ထက်ရှိ လျှပ်စစ်ဝိုင်ယာကြိုးများ အပူလွန်ကဲ၍ မီးစတင် လောင်ကျွမ်းခဲ့ကာ အဆောက်အအုံ၏ အပေါ်ထပ် မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်မှုတွင် လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း တောင်ငူမြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

**ဇော်ကိုကို(တောင်ငူ)**




ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၂-၂၀၂၅ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ)
- ၀၉:၁၅ စိုက်ပျိုးမွေးမြူသုတဘက်
- ၀၉:၃၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုတေး
- ၁၀:၃၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ် "ကရင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေးများ"
- ၁၁:၁၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ် "နှစ်သစ်ဦးရဲ့ကောက်သစ်ထမင်းဝိုင်း"
- ၁၁:၂၅ ဘဝနှင့်အနုပညာ တေးသံရှင်ညီမလေးနှင့်တွေ့ဆုံခြင်း(ပထမပိုင်း)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ(ဗီလစ်ပိုင်) "ဆုတောင်းပြည့်ကြယ်တာရာစတားလာ"(အပိုင်း-၄၂)
- ၁၃:၃၀ MRTV National NEWS
- ၁၄:၂၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ် "တားစည်မြေမှရိုးရာအလှ"(အပိုင်း-၁)
- ၁၅:၀၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
- ၁၅:၂၀ ကျန်းမာရေးမဂ္ဂဇင်း (ကျန်းမာရေးအတွက်ဖိုးရင်းသယ်ယူဆွဲအစီအစဉ်)
- ၁၆:၃၅ ချစ်စရာအရွယ်ကစားကြမယ်
- ၁၇:၁၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၃၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ)(တတိယပိုင်း)
- ၁၈:၃၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ (ဗီလစ်ပိုင်) "ဆုတောင်းပြည့်ကြယ်တာရာစတားလာ" (အပိုင်း-၆၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ(တရုတ်) "အလင်းဝင်းသူများ"(အပိုင်း-၁၁)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi)
- 07:09 A Trip to Gyobyu Reservoir (Part-1)
- 07:39 Let's Taste Delicious Insects: Choice Mixed Insects and Lettuce Salad & Red Ant and Soy Bean Paste Curry
- 08:01 News
- 08:26 Global Updates; 4 ways AI will reshape society
- 08:37 Myanmar Traditional Thatched Roofs: IN-LEAF
- 08:54 K- Pop Live Show (You Know Me)
- 09:01 Myanmar Music Icon: Myanmar Legendary Singer Sithu Tin Tin Mya(Ep-1)
- 09:24 Dances of Myanmar: Proud of Being a Myaung Zee (or) Hmong
- 09:30 Myanmar Avocado In The Global Market
- 10:01 News
- 10:26 Union Blood (Pann Nu Yin, Pann Su Thwin)
- 10:32 Topical Topics; Yaykanyut… Good to Eat
- 10:46 Listening Pleasure, Instrumental Music (Piano) Can't help falling in love with you

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)** ကျောင်းစုံပန်းတို့ရဲ့ဒိုင်ယာရီ

**ကယား (၀၈:၀၀ မှ ၁၀:၀၀)** သဘာဝအလှတရားရှိရာထီးပွင့်ကန်တော်ဆီသို့

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)** ဒေသစားစရာ ဒိုးငါးဝိုင်ကြော်

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)** ရှမ်းကန်လှပ်ရှားသူတို့ဘဝများ

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)** ဘားအံမြို့နယ်မှခရီးစဉ်အသစ်သဘာဝရေလိုက်ဂူတောင်

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)** ဆန်းပြားလှသည့်ချင်းရိုးရာနှာခေါင်းပလွေမှုတ်

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)** ကျန်းမာရေးအတွက်အကျိုးအာနိသင်တွေပေးတဲ့မန်ကျည်းသီး

**မွန် (၁၅:၀၀ မှ ၁၇:၀၀)** မွန်ရိုးရာထိမ်းမြားမင်္ဂလာ

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)** အဆိုတော်ကြီးဖြစ်ချင်သူ(မေသူကျော်)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)** ခမ်းနားထည်ဝါအင်းသားတို့ရဲ့ရှေးလက်ရာ

**'ဝ' (၂၁:၀၀ မှ ၂၃:၀၀)** ကြက်သားဗရုံချက်နည်း

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၄၅ Weekly Selected News
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၃၅ Sports Diary
- ၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (**ကိုရီယားနိုင်ငံ**)
- ၀၉:၃၀ ဥပဒေရေးရာအပြာဇာတ်လမ်းတို "**အလည်လွန် အလွယ်လုပ် အလွဲဖြစ်**"
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (**စင်ကာပူနိုင်ငံ**)
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (**ဗီချီသမ္မတနိုင်ငံ**)
- ၁၁:၀၀ ရှေ့သို့ချီမည်....ပန်းတိုင်ဆီ ( အပိုင်း-၆၂)

### MRTV FARMERS' / HTV

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ မြန်မာလူမျိုးတို့ရဲ့မပါမဖြစ်အစားအစာ နေပြည်တော်ရဲ့ရွှေဥဒေါင်းပဲကြော်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့်မိုးလေဝသ
- ၁၈:၂၀ BBC.Planet.Earth.II.4of6.Deserts
- ၁၉:၄၅ International Music Hits Slow Rock
- ၂၀:၀၀ "**တိတ်ဆိတ်ခြင်း**"(ဇာတ်လမ်း)
- ၂၂:၀၀ A Little Thing Called Love (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၀၀ အားကစားသတင်း
- ၀၇:၄၀ Weekly Sports Info
- ၁၅:၄၅ Myanmar National League football (Live) (Thitsar Arman Vs Hantharwady)

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်း ဝန်ထမ်းများအား အခြေခံစားကုန်နှင့် သား၊ ငါး၊ ဟင်းသီးဟင်းရွက်များ သက်သာသောဈေးနှုန်းဖြင့်ရောင်းချပေးနေမှု ကြည့်ရှုအားပေး

**စစ်တွေ ဖေဖော်ဝါရီ ၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်း၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဝန်ထမ်းများအား အခြေခံစားကုန်နှင့် သား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အဖွဲ့သည် ဝန်ထမ်းများအား ရောင်းချပေးမည့် အခြေခံစားကုန်နှင့် သား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ ခင်းကျင်းထားရှိမှုကို လှည့်လည်ကြည့်ရှု အားပေးပြီး ဈေးဝယ်ရန်ရောက်ရှိလာကြသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့သည်။ အလားတူ ပြည်နယ်ဝန်ကြီးချုပ်က အခြေခံစားသုံးကုန်များနှင့် သား၊ ငါးများပြတ်လပ်မှုမရှိစေရေးနှင့် ဈေးနှုန်းမြင့်တင်ရောင်းချခြင်းမရှိစေရေးတို့ကို စိစစ်ကြပ်မတ်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

**ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချ**

ဝန်ထမ်းများအား သက်သာသောဈေးနှုန်းဖြင့် ဈေးရောင်းချပေးရာတွင် အခြေခံစားသုံးကုန်များဖြစ်သည့် ဆီ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးခြောက်၊ မုန်လာဥ၊ ငရုတ်သီးစိမ်း၊ ကြက်ဟင်းခါးသီး၊ မြေထောက်ပဲ၊ ကန်စွန်းဥ၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ ပဲသီး၊ နံနံ၊ ပန်းဂေါ်ဖီ၊ ချဉ်ပေါင်၊ ကြက်ဥ၊ ဘူးသီးနှင့် ပြောင်းဖူးစသည့် ဟင်းသီးဟင်းရွက်များကို ရောင်းချပေးခြင်းဖြစ်ပြီး သား၊ ငါးအနေဖြင့် ကြက်သား၊ ဝက်သားနှင့် ငါး၊ ပုစွန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# မြစ်ကြီးနားမြို့ နန်းကွေ့ကျေးရွာ၌ သစ်မွှေးစိုက်ပျိုးထုတ်လုပ်မှုအကြောင်း သိကောင်းစရာများ အသိပညာပေးရှင်းလင်းပွဲ ကျင်းပ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ သစ်မွှေးစိုက်တောင်သူများအား သစ်တောဦးစီးဌာနက သစ်မွှေးစိုက်ပျိုးထုတ်လုပ်မှုအကြောင်း သိကောင်းစရာများနှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီက မြစ်ကြီးနားမြို့နယ်နန်းကွေ့ကျေးရွာအတွင်းရှိ ကျွန်းရွှေစင်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



**အမှာစကားပြောကြား**

အဆိုပါ အခမ်းအနားတွင် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများအား မန္တလေးတက္ကသိုလ် ရုက္ခဗေဒဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာကလျာလူက မြန်မာ့သစ်မွှေး သုတေသနပါ အချက်များနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်အတွင်း ကမ္ဘာ့ပထမတန်းစား သစ်မွှေးထွက်ရှိရာ ဒေသများ၊ သစ်မွှေး၏ တန်ဖိုး၊ အသုံးဝင်ပုံနှင့် သစ်မွှေးဆေးသွင်းမှု နည်းလမ်းများနှင့် သစ်မွှေးဖြစ်မှု ရာခိုင်နှုန်း အခြေအနေများကို နည်းစနစ်ကျ ဆေးသွင်းနိုင်သည့် အချက်များကို အသိပညာပေး ရှင်းလင်းဆွေးနွေးရာ တက်ရာက်လာကြသူများက သစ်မွှေးဆေးသွင်း ထုတ်ယူနိုင်မှု အခြေအနေများ၊ စိုက်ပျိုးဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် သိလိုသည်များကိုမေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကာ သစ်မွှေးဖြစ်တည်မှုဖြစ်ပေါ်ခဲ့မှု အခြေအနေများကို ပြသရှင်းလင်းသည်။

ယင်းနောက် အဆိုပါဘုန်းတော်ကြီးကျောင်းဘေးရှိ သစ်မွှေးခြံ၌ သစ်မွှေးပင်များအား ဆေးသွင်းခြင်းလုပ်ငန်းကို လက်တွေ့သရုပ်ပြ ရှင်းလင်းခြင်းနှင့် ဆေးသွင်းခြင်းဖြင့် သစ်မွှေးဖြစ်တည်မှုရာခိုင်နှုန်း ဖြစ်ပေါ်လာမှု အခြေအနေများကို လိုက်လံရှင်းလင်း ပြသခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပေါင်းတည်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ပေါင်းတည် ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နဝရတ်ခန်းမဆောင်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးဝေလွင်ဦးက ပြည်သူ့စစ်မှုထမ်းဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့် ပြည်သူ့စစ်မှုထမ်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာကြသော ရပ်ရွာအုပ်ချုပ်ရေးမှူးများ၏ သိလိုသည့်မေးမြန်းဆွေးနွေးချက်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် နားလည်သဘောပေါက်စေရန် အသေးစိတ်ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ရွှေသား(IPRD)**



# ပခုက္ကူမြို့နယ်၌ ပဲစင်းငုံနီများ ဆက်လက်ရောင်းအားကောင်းလျက်ရှိ

**ပခုက္ကူ ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် ပဲစင်းငုံနီသီးနှံများကို ချောက်ကန်၊ မန်ကျည်းကိုးပင်၊ အင်ပင်၊ ကန်တော်၊ ကန်လှ၊ ဒဟက်ချောက်၊ ကန်တိန်၊ ကန်ရပ်၊ သမင်အုပ်စသည့် ကျေးရွာများတွင် သီးထပ်သီးညှပ်အဖြစ် အဓိကစိုက်ပျိုးလုပ်ကိုင်ကြပြီး လက်ရှိအချိန်အထိ တောင်သူလက်ကျန်များပြားကာ ဆက်လက်ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် သက်ကြီး၊ သက်လတ်အမျိုးအစား ပဲစင်းငုံနီသီးနှံများကို သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးကြပြီး ပခုက္ကူကုန်စည်ဒိုင်သို့ ယခုနှစ် ဇန်နဝါရီလမှစတင်ပြီး ပဲစင်းငုံနီသစ်များ နေ့စဉ်အိတ်ရေပေါင်း ၃၀၀ မှ ၁၂၀၀ အကြား ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပဝယ်ယူမှုရှိနေခြင်းတို့ကြောင့် နေ့စဉ်အိတ်ရေပေါင်း ၇၀ မှ ၇၀၀ အထိ ဆက်လက်အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိကြောင်း ပခုက္ကူကုန်စည်ဒိုင်ထံက သိရသည်။

ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီအပါအဝင် ကုလားပဲအမျိုးမျိုး၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲဇီးကွက်၊ ပဲလွန်းပြာ၊ ပဲယင်းဝါနှင့် နှမ်းမျိုးစုံသီးနှံများ နေ့စဉ်အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိပြီး ဒေသတွင်းထွက်ရှိသည့် ပဲစင်းငုံသီးနှံကို ရန်ကုန်(ဘုရင့်နောင်ပွဲရုံ)၊ ရန်ကုန်ရွှေပြည်သာနှင့် ပြည်ပနိုင်ငံများဖြစ်သော တရုတ်နှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



**တို့ပြည်ထောင်စုတိုင်းရင်းသားများညီညွတ်စွမ်းအား ပြည့်ခွန်အား**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# ဥတ္တရသီရိမြို့နယ် မသိမ်ကျေးရွာနှင့် သရက်တောကျေးရွာတို့၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲများ ကျင်းပ



**ဥတ္တရသီရိ ဖေဖော်ဝါရီ ၂**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် နေပြည်တော် ဥတ္တရသီရိမြို့နယ် မသိမ်ကျေးရွာ "ဘဝအားမာန်" စာကြည့်တိုက်နှင့် သရက်တောကျေးရွာ "တုန္နိုင်းမမှီ" စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်များရှေ့၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ သရက်တောကျေးရွာအုပ်စု မသိမ်ကျေးရွာ "ဘဝအားမာန်" စာကြည့်တိုက်နှင့် သရက်တောကျေးရွာ "တုန္နိုင်းမမှီ" စာကြည့်တိုက် အဆောက်အအုံသစ်ကို နေပြည်တော် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ နေပြည်တော် ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာလှိုင်လှိုင်ဌေး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေး၊ ဥတ္တရသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးက နိုင်ငံ တစ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လူ့အရင်းအမြစ်များကိုအခြေခံ၍ စနစ်တကျ ပြုစုပျိုးထောင်ရမည်ဖြစ်ပြီး တာဝန်ရှိသူအားလုံးက လူငယ်၊ လူရွယ်များအားအဓိက ပြုစုပျိုးထောင်ရေး လုပ်ငန်းများကို ဝိုင်းဝန်း လုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ နေပြည်တော် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီအနေဖြင့်လည်း ဗဟိုက ချမှတ်ထားသည့် လုပ်ငန်းစဉ်လေးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း၊ စာပေဖတ်ရှုလေ့လာခြင်းမှ အသိပညာဗဟုသုတများစွာ ရရှိနိုင်သဖြင့် ကျေးလက်နေပြည်သူများ အနေဖြင့်လည်း စာအုပ်စာပေကို မြတ်နိုးပြီး တန်ဖိုးထား ဖတ်ရှုကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက စာကြည့်တိုက်များအတွက် အလှူငွေများ၊ စာအုပ်စာစောင်များ၊ MRTV DTH စလောင်းနှင့် MRTV DVB– T2 Set Top Box တစ်စုံကို လည်းကောင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ကာ စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စာကြည့်တိုက်စုစုပေါင်း ၅၈ တိုက် ဆောက်လုပ်ရန် လျာထားလျက်ရှိရာ ဆောက်လုပ်ပြီးစီးသည့် စာကြည့်တိုက် ၂၄ တိုက် ပြီးစီးခဲ့သည့်အနက် ၁၈ တိုက်ကို ဖွင့်လှစ်ပြီးစီးခဲ့ပြီဖြစ်ပြီး ယနေ့ဖွင့်လှစ်ခဲ့သော မသိမ်ကျေးရွာ "ဘဝအားမာန်" စာကြည့်တိုက်နှင့် သရက်တောကျေးရွာ "တုန္နိုင်းမမှီ" စာကြည့်တိုက်များမှာ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ ဆောက်လုပ်ရန် ကျန်ရှိသည့် စာကြည့်တိုက်များကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်မျိုးဝင်း (ပြန်/ဆက်)

# ကလေးမြို့၌ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက အခြေခံစက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲ ကျင်းပ

**ကလေး ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ချမ်းမြေ့အောင်စည်ရပ်ကွက် နယ်မြေ(၉) မိုးလင်းရှောင်စောန်းဘုရားကျောင်း၌ ကျင်းပသည်။

ဦးစွာ ကလေးခရိုင်စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတင့်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စား အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သင်တန်းသားများအနေဖြင့် မိမိတို့သင်ယူတတ်မြောက်ထားသည့် ပညာများအပြင် ပိုမိုကြိုးစားလေ့လာ၍ ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်ကြစေလိုကြောင်းပြောကြားပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော သင်တန်းသားများအား ဆုများပေးအပ်ကြသည်။ ထို့နောက် သင်တန်းသားများက ချင်းရိုးရာအကများဖြင့် သီဆိုကပြဖျော်ဖြေကြပြီး တက်ရောက်လာသူများက သင်တန်းသားများ၏ လက်တွေ့ချုပ်ထားသည့် လက်ရာများကို ကြည့်ရှုခဲ့ကြသည်။

အဆိုပါ သင်တန်းကို ဇန်နဝါရီ ၂ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ သင်တန်းသား သင်တန်းသူ ၂၀ အား နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် –

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ခတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြှိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြှိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြှိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# လေထုညစ်ညမ်းမှုအန္တရာယ် သတိပြုကြကွယ်

**ဝင်းထွင့်ဦး**

အခုရက်ပိုင်းအတွင်းမှာ လေထုညစ်ညမ်းမှုနဲ့ဆိုင်တဲ့ သတင်းတွေကို ခပ်စိပ်စိပ်မြင်တွေ့ဖတ်ရှုနေရပါတယ်။ ကျွန်တော်တို့ရဲ့အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာဖြစ်ပါတယ်။

ထိုင်းနိုင်ငံရဲ့ မြို့နယ် ၅၀ လောက်မှာ လေထုအရည်အသွေး PM 2.5 ဒဏ်ကို ခံစားနေကြရပါတယ်။ ဗန်ကောက်မှာ ဇန်နဝါရီလ ၂၄ ရက်နေ့က PM 2.5(လေထုညစ်ညမ်းမှုညွှန်းကိန်း ၁၈၈) နဲ့ ကမ္ဘာ့လေထု ညစ်ညမ်းမှုအများဆုံးအဆိုးဆုံးမြို့ငါးမြို့စာရင်းမှာ နံပါတ် ၄ နေရာ ရောက်ရှိနေပါတယ်။ ဒီလိုအခြေအနေထဲ မဖြစ်မနေသွားလာနေရသူတွေကို နှာခေါင်းစည်းတပ်ဖို့ညွှန်ကြားထားပြီး အတတ်နိုင်ဆုံးတော့ အိမ်ထဲမှာ၊ Air Purifier တွေရှိတဲ့နေရာမှာနေဖို့ ကျန်းမာရေးဝန်ကြီးဌာနက သတိပေးထားပါတယ်။ ရှူမိလို့ ချောင်းဆိုးတာ၊ မျက်လုံးတွေယားယံတာ၊ အသက်ရှူဖို့ခက်ခဲလာတာတွေဖြစ်တယ်ဆိုရင် ဆေးခန်းအမြန်သွားပြဖို့လည်း ညွှန်ကြားထားပါတယ်။ ဇန်နဝါရီလ ၂၄ ရက်နေ့ ဗန်ကောက်ကလာတဲ့သတင်းအရ ကမ္ဘာ့လေထုညစ်ညမ်းမှု အများဆုံးမြို့ငါးမြို့ထဲမှာ အရှေ့တောင်အာရှဒေသက မြို့ကြီးတွေလည်း ပါဝင်ခဲ့တယ်။ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့က ဒုတိယအညစ်ညမ်းဆုံးမြို့အဖြစ် သတ်မှတ်ခံရပါတယ်။ ဖနောင်ပင်နဲ့ ဗန်ကောက်တို့က ကမ္ဘာ့လေထုအညစ်ညမ်းဆုံးအဆင့် စတုတ္ထနဲ့ ပဉ္စမနေရာတို့မှာ အသီးသီးရပ်တည်နေကြတယ်လို့ သိရပါတယ်။

### ကမ္ဘာ့လေထုညစ်ညမ်းမှု အဆင့် ၈ မှာရှိ

ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ဇန်နဝါရီလ ၂၆ ရက်နေ့ မွန်းလွဲပိုင်းတိုင်းတာချက်အရ ရန်ကုန်မြို့ဟာ ကမ္ဘာ့လေထုညစ်ညမ်းမှု အဆင့် ၈ မှာ ရှိနေခဲ့တယ်လို့ လေထုအရည်အသွေးတိုင်းတာတဲ့ အဖွဲ့အစည်းတစ်ခုရဲ့ ဖော်ပြချက်အရသိရှိရတယ်။ ရန်ကုန်မြို့မှာ လေထုညစ်ညမ်းမှုညွှန်းကိန်း (Air Quality Index– AQI) ဟာ ရက်ဆက်ကို မြင့်တက်နေပြီး အနီရောင်အဆင့်အခြေအနေဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ကျန်းမာရေးထိခိုက်နိုင်တဲ့ အနေအထားမျိုးလို့ ပြောနိုင်ပါတယ်။

လေထုညစ်ညမ်းမှုဆိုတာက လေထုထဲမှာ မီးခိုး၊ ဓာတ်ငွေ့တစ်မျိုးမျိုး၊ ဖုန်မှုန့်တွေ၊ မြူခိုးတွေ၊ အနံ့အသက်တွေ၊ ရေခိုးရေငွေ့တွေ ရှိသင့်တဲ့ပမာဏထက် ပိုပြီးများပြားစွာရှိနေတာ လေထုအရည်အသွေးကျဆင်းနေတာပဲဖြစ်တယ်။ လေထုထဲမှာ ကာဗွန်မိုနောက်ဆိုက်၊ ဆာလ်ဖာဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်နဲ့အိုဇုန်း၊ PM 2.5 နဲ့ PM 10 အမှုန်အမွှားတွေ စတဲ့ညစ်ညမ်းပစ္စည်းတွေ အနည်းနဲ့အများဆိုသလို ရောနှောပါဝင်နေတယ်ဆိုရင် လေထုညစ်ညမ်းမှုဖြစ်ပေါ်လာပါတယ်။ အဓိကအန္တရာယ်ပြုတဲ့ အမှုန်တွေကတော့ ကာဗွန်မိုနောက်ဆိုက်၊ အိုဇုန်း၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်နဲ့ ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေဖြစ်တယ်။ အဲဒီအမှုန်တွေက လူသားတွေရဲ့ ကျန်းမာရေးကို တစ်နည်းနည်းနဲ့ ထိခိုက်စေနိုင်တယ်။ အများဆုံးကတော့ အသက်ရှူလမ်းကြောင်းကနေ လူ့ခန္ဓာကိုယ်ကို ထိခိုက်စေတာဖြစ်တယ်။

အခုတစ်လော လေထုညစ်ညမ်းမှုညွှန်းကိန်း(AQI) ဟာ ၁၅၁ မှ ၂၀၀ အတွင်းရောက်နေပြီဖြစ်လို့ ကျန်းမာရေးအတွက် မကောင်းတဲ့အဆင့်ဖြစ်နေပါပြီ။

လေထုညစ်ညမ်းမှုဖြစ်စေတဲ့ အမှုန်အမွှားလေးတွေရဲ့ ပမာဏသေးငယ်လေလေ လူ့ခန္ဓာကိုယ်အတွင်းဝင်ရောက်ဖို့ လွယ်ကူလေလေဖြစ်ပါတယ်။ ၁၀ မိုက်ခရိုမီတာထက်သေးငယ်တဲ့ အမှုန်အမွှားတွေ (PM 10) ဟာအသက်ရှူလမ်းကြောင်းကတစ်ဆင့် အဆုတ်ထဲအထိ ဝင်ရောက်နိုင်တယ်။ ၂ ဒသမ ၅ မိုက်ခရိုမီတာထက် သေးငယ်တဲ့ အမှုန်အမွှားတွေ (PM 2.5) (လူ့ဆံပင်ရဲ့ ၃ ရာခိုင်နှုန်းခန့်သာရှိတဲ့ အမှုန်အမွှားတွေ)ဟာ အဆုတ်အတွင်းရှိ လေအိတ်ငယ်တွေရဲ့နံရံကတစ်ဆင့် သွေးကြောထဲအထိ ဝင်ရောက်နိုင်ပါတယ်။ သွေးကြောထဲအထိရောက်သွားတဲ့ အမှုန်အမွှားတွေက သွေးလည်ပတ်စီးဆင်းမှုကို ထိခိုက်စေကာ လေဖြတ်တာ၊ နှလုံးထိခိုက်တာအပြင် တခြားကျန်းမာရေးဆိုင်ရာ ပြဿနာတွေဖြစ်နိုင်ပါတယ်။ ဒ့ါအပြင် လူတိုင်း အသက်မရှူဘဲနေလို့မရတာကြောင့် လေထုညစ်ညမ်းမှုဟာ တခြားကျန်းမာရေးပြဿနာတွေ၊ ရောဂါတွေထက် ပိုပြီးဒုက္ခပေးနိုင်တာအမှန်ပါပဲ။ ညစ်ညမ်းမှုများလာတဲ့ လေထုကလေကိုရှူရတဲ့အချိန်ကာလ၊ နေ့ရက်တွေ များလာလေလေ ကျန်းမာရေးထိခိုက်မှု ပိုများလာမှာဖြစ်ပါတယ်။



ထိုင်းနိုင်ငံ ဗန်ကောက်မြို့၏ လေထုညစ်ညမ်းမှုအခြေအနေကို တွေ့ရစဉ်။

**သွေးကြောထဲအထိရောက်သွားတဲ့ အမှုန်အမွှားတွေက သွေးလည်ပတ်စီးဆင်းမှုကို ထိခိုက်စေကာ လေဖြတ်တာ၊ နှလုံးထိခိုက်တာအပြင် တခြားကျန်းမာရေးဆိုင်ရာ ပြဿနာတွေဖြစ်နိုင်ပါတယ်။ ဒ့ါအပြင် လူတိုင်း အသက်မရှူဘဲနေလို့မရတာကြောင့် လေထုညစ်ညမ်းမှုဟာ တခြားကျန်းမာရေးပြဿနာတွေ၊ ရောဂါတွေထက် ပိုပြီးဒုက္ခပေးနိုင်တာအမှန်ပါပဲ**

လေထုညစ်ညမ်းမှုကြောင့် လူတစ်ဦးချင်းစီရဲ့ ပျမ်းမျှမျှော်မှန်းသက်တမ်းဟာ ၂ ဒသမ ၂ နှစ်ခန့်အထိကျဆင်းလာတယ်လို့ ကျန်းမာရေးမှတ်တမ်းတွေအရ သိရပါတယ်။ ပြောရရင်ကျန်းမာရေးထိခိုက်မှုဟာ ရောဂါဖြစ်နှုန်းနဲ့ ဆုံးရှုံးမှုနှုန်းအမြင့်ဆုံး၊ အများဆုံးဖြစ်လို့နေပါတယ်။

ကလေးသူငယ်တွေ၊ သက်ကြီးရွယ်အိုတွေ၊ ကိုယ်ဝန်ဆောင်နဲ့ ရောဂါအခံရှိသူတွေဟာ လေထုညစ်ညမ်းမှုရဲ့ ဆိုးကျိုးနဲ့ ကျန်းမာရေးပြဿနာတွေကို ကျန်တဲ့သူတွေထက် ပိုပြီးခံစားရနိုင်ခြေရှိတယ်။ ဖြစ်နိုင်ရင် သူတို့ကိုအရင်ဆုံးဂရုစိုက်ကြရပါမယ်။

### လေထုညစ်ညမ်းမှုကို ထိန်းချုပ်လျှော့ချနိုင်ဖို့လိုအပ်

လေထုညစ်ညမ်းမှုဟာ ရာသီဥတုပြောင်းလဲမှုနဲ့လည်း တိုက်ရိုက်သက်ဆိုင်တယ်။ တွင်းထွက်လောင်စာတွေ အသုံးပြုတာ၊ ယာဉ်ပေါင်းစုံကထုတ်လွှတ်တဲ့ မီးခိုးငွေ့တွေ၊ စက်ရုံတွေကထွက်ရှိတဲ့ မီးခိုးတွေစတာတွေဟာ လေထုညစ်ညမ်းမှုကိုဖြစ်စေတယ်။ ဒီလိုအကြောင်းအရာတွေကြောင့်ဖြစ်ပေါ်နိုင်တဲ့ လေထုညစ်ညမ်းမှုကိုထိန်းချုပ်လျှော့ချနိုင်ဖို့ လိုအပ်လာပါပြီ။ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးတွေကများပြီး အန္တရာယ်အကြီးမားဆုံး ရောဂါအစုံကိုဖြစ်စေတဲ့ လေထုညစ်ညမ်းမှုကို ဥပဒေပြဋ္ဌာန်းတာ၊ အသိပညာပေးတာစတဲ့ နည်းလမ်းတွေရှာဖွေလုပ်ဆောင်ပြီး လူတွေပြုမူနေထိုင်မှုတွေကနေဖြစ်ပေါ်လာတဲ့ လေထုညစ်ညမ်းမှုကို ထိန်းချုပ်သွားနိုင်ပါတယ်။ ရပ်ကွက်/ ကျေးရွာတွေမှာ လယ်ယာစိုက်ခင်းမီးရှို့တာ၊ တောမီးရှို့တာ၊ အမှိုက်မီးရှို့တာတွေကို အသိပညာပေးတားမြစ်တာတွေ လုပ်ရပါမယ်။ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးတွေဖြစ်တယ်ဆိုတာကို ရှင်းလင်းပြောပြပေးရပါမယ်။ မြို့ပြဒေသတွေမှာ ကိုယ်ပိုင်ယာဉ်သုံးစွဲမှုကို လျှော့ချကြဖို့၊ အများသုံးသယ်ယူပို့ဆောင်မှုကိုမြှင့်တင်ပြီး ပူးပေါင်းပါဝင်ကျင့်သုံးကြဖို့တွေကိုလည်း ပညာပေးစည်းရုံးဖို့လိုအပ်ပါတယ်။ အစားအစာချက်ပြုတ်ရာမှာ ထင်း၊ မီးသွေးလောင်စာသုံးစွဲမှုကိုလျှော့ချဖို့လည်း ပညာပေးတာ၊ နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးတာတွေကို စနစ်တကျဆောင်ရွက်သွားဖို့လည်းလိုပါတယ်။

အခုလို လေထုညစ်ညမ်းမှုကို လျှော့ချနိုင်တဲ့နည်းလမ်းတွေကို စနစ်တကျချမှတ်ပြီး လိုက်နာဆောင်ရွက်ကြမယ်ဆိုရင် ကျန်းမာရေးဆိုင်ရာပြဿနာတွေကို လျှော့ချနိုင်မှာဖြစ်ပါတယ်။

### တစ်ဖက်တစ်လမ်းက အကျိုးပြု

ကျွန်တော်တို့တစ်ဦးချင်းစီအနေနဲ့လည်း လေထုညစ်ညမ်းမှုကို လျှော့ချရာမှာ ပါဝင်ဆောင်ရွက်နိုင်တဲ့ နည်းလမ်းကောင်းလေးတွေရှိပါတယ်။ ကိုယ်ပိုင်ကားစီးမယ့်အစား အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုမယ်၊ သိပ်မဝေးတဲ့ခရီးတိုဆိုရင် စက်ဘီးစီးပြီးသွားမယ်၊ ဆေးလိပ်သောက်တာ လျှော့ချမယ်၊ တချို့ပစ္စည်းတွေကို မီးရှို့ဖျက်ဆီးမယ့်အစား ပြန်သုံးစွဲရအောင် စီမံပြုလုပ်ဆောင်ရွက်မယ်စတဲ့နည်းလမ်းတွေနဲ့ တစ်ဦးချင်းတစ်ယောက်ချင်းစီက လိုက်နာကျင့်သုံးကာ နေ့စဉ်လူနေမှုဘဝကို ပြောင်းလဲတာဟာလည်း လေထုညစ်ညမ်းမှုလျှော့ချမှုကို တစ်ဖက်တစ်လမ်းက အကျိုးပြုတာပါပဲ။

သို့ဖြစ်ရာ အခုအချိန်အခါမှာ လေထုညစ်ညမ်းမှုကို ထိန်းချုပ်လျှော့ချနိုင်ဖို့လိုအပ်နေတာက အမှန်ဖြစ်နေပါပြီ။ လေထုညစ်ညမ်းမှုမဖြစ်အောင်၊ ဖြစ်ပွားမှုပိုတိုးမလာအောင် အသိတရားရှိရှိနဲ့ နေထိုင်ပြုမူလုပ်ဆောင်ကြရပါမယ်။ လေထုညစ်ညမ်းမှုရဲ့အန္တရာယ်ကြီးမားတာ၊ ကျန်းမာရေးဆိုးကျိုးတွေများတာကို ကိုယ်ကိုယ်တိုင်သိရှိနားလည်ဖို့လိုသလို အများသိအောင်လည်း ထပ်ဆင့်မျှဝေပေးကြရင်း ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကို သတိပြုပြီးနေထိုင်သွားကြရပါမယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံး လေထုညစ်ညမ်းမှုအန္တရာယ်ကို ဂရုတစိုက်အလေးထားပြီး သတိပြုကြကွယ်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

**လေထုညစ်ညမ်းမှုဆိုတာက လေထုထဲမှာ မီးခိုး၊ ဓာတ်ငွေ့တစ်မျိုးမျိုး၊ ဖုန်မှုန့်တွေ၊ မြူခိုးတွေ၊ အနံ့အသက်တွေ၊ ရေခိုးရေငွေ့တွေ ရှိသင့်တဲ့ပမာဏထက် ပိုပြီးများပြားစွာရှိနေတာ လေထုအရည်အသွေးကျဆင်းနေတာပဲဖြစ်တယ်။ လေထုထဲမှာ ကာဗွန်မိုနောက်ဆိုက်၊ ဆာလ်ဖာဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်နဲ့အိုဇုန်း၊ PM 2.5 နဲ့ PM 10 အမှုန်အမွှားတွေ စတဲ့ညစ်ညမ်းပစ္စည်းတွေ အနည်းနဲ့အများဆိုသလို ရောနှောပါဝင်နေတယ်ဆိုရင် လေထုညစ်ညမ်းမှုဖြစ်ပေါ်လာပါတယ်။ အဓိကအန္တရာယ်ပြုတဲ့ အမှုန်တွေကတော့ ကာဗွန်မိုနောက်ဆိုက်၊ အိုဇုန်း၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်နဲ့ ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေဖြစ်**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သန့်ရှင်းသာယာလှပစေရေး စွန့်ပစ်ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူ ရှင်းလင်း

ညောင်ဦး ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ စဉ်ဆက်မပြတ် သန့်ရှင်းသာယာလှပရေးအတွက် Bagan Plastic Campaign အဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ယမန်နေ့ နံနက်ပိုင်းက ညောင်ဦးမြို့အဝင် လေဆိပ်လမ်းဆုံမှ ပုဂံမြို့သစ်သွားကားလမ်းမင်းနန်သူ ဘုရားသုံးဆူအထိ လမ်းဘေး(ဝဲ၊ယာ)တစ်လျှောက်ရှိ စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် လိုက်လံကောက်ယူ ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် "ပုဂံဝန်းကျင် သာယာဖို့ ပလတ်စတစ်အမှိုက်တွေရှင်းကြစို့" ဟူသော ဆောင်ပုဒ်နှင့် အညီ Bagan Plastic Campaign အဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများက ညောင်ဦးမြို့အဝင် လေဆိပ်လမ်းဆုံတွင် စုရပ်ပြုလုပ်၍ ပုဂံမြို့သစ်သွားကားလမ်းမင်းနန်သူ ဘုရားသုံးဆူအထိ လမ်းဘေး(ဝဲ၊ယာ)တစ်လျှောက် စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ ကောက်ယူရှင်းလင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စွန့်ပစ်ပလတ်စတစ်အမှိုက်များ ကောက်ယူရှင်းလင်းခြင်းလုပ်ငန်းတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများကို စေတနာရှင် အလှူရှင်များက သောက်ရေသန့်၊ Royal – D အားဖြည့်အချိုရည်ဘူးများနှင့် ကောက်ညှင်းပေါင်း၊ အကြော်စုံတို့ဖြင့် ဝေငှကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ပလတ်စတစ်အမှိုက်များ ကောက်ယူရှင်းလင်းဆောင်ရွက်ခြင်းလုပ်ငန်းကို အပတ်စဉ် (စနေနေ့တိုင်း) ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ အများပြည်သူသွားလာသော ကားလမ်းမကြီးဘေး(ဝဲ၊ ယာ)များနှင့် မြို့အဝင်/အထွက် နေရာများရှိ စည်းကမ်းမဲ့ စွန့်ပစ်ပလတ်စတစ် အမှိုက်များကို ကောက်ယူရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကန့်ဘလူမြို့နယ်၌ အသက် ခြောက်လမှ ငါးနှစ်အထိ ကလေးများအား ဗီတာမင်အေ တိုက်ကျွေး

ကန့်ဘလူ ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် အသက်ခြောက်လမှ ငါးနှစ်အထိ ကလေးငယ်များအား ဗီတာမင်အေ တိုက်ကျွေးခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

ထိုသို့တိုက်ကျွေးရာတွင် အသက်ခြောက်လမှ တစ်နှစ်အထိ ကလေးငယ်များအား ဗီတာမင်အေ တစ်သိန်းယူနစ်ကို လည်းကောင်း၊ အသက် တစ်နှစ်မှ ငါးနှစ်အထိ ကလေးငယ်များအား ဗီတာမင်အေ နှစ်သိန်းယူနစ်ကို လည်းကောင်း တိုက်ကျွေးပေးခဲ့ရာ စုစုပေါင်း ၅၂၇ ဦးတို့ကိုတိုက်ကျွေးပေးခဲ့ကြောင်းနှင့်ကျန်ကလေးငယ်များကိုလည်း ဆက်လက်တိုက်ကျွေးပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**





# ပေါင်မြို့နယ်၌ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံပေး

ပေါင် ဖေဖော်ဝါရီ ၂

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မွေးကင်းစမှ အသက် နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့ နံနက်ပိုင်းမှစတင်ကာ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက ပေါင်မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်ရှိ မွေးကင်းစ အသက် နှစ်လမှ နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ် ကာကွယ်ဆေးနှင့် ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ဖြစ်စေတတ်သော Rota ကာကွယ်ဆေး တိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်–ဆုံဆို့နာ ကာကွယ်ဆေး ထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**






## မိတ္ထီလာမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့၌ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများနှင့်တွေ့ဆုံ

ဝမ်းတွင်း ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်နှင့် မိတ္ထီလာမြို့နယ်တို့၌ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး မြေပြင်ကွင်းဆင်းကြီးကြပ်ရေး အဖွဲ့ခေါင်းဆောင် ဦးရွှေဇင်နှင့် အဖွဲ့ဝင်များသည် ယနေ့တွင် မိတ္ထီလာမြို့နယ် ကန်နီကျေးရွာနှင့် ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာ ရွာရှည်ကျေးရွာနှင့် ကျွတ်ကန်ကျေးရွာတို့ရှိ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။



ဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် ကန်နီကျေးရွာ၌ နွေစပါး ၇၅ ဧက စိုက်ပျိုးမည့် ဒေသခံတောင်သူများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး တောင်သူများ၏ အခက်အခဲ တင်ပြမှုများအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဝမ်းတွင်းမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ မြေတိုင်ကန်ကျေးရွာသို့ ရောက်ရှိကာ နွေနှမ်းဧက ၁၀၀၊ ပဲတီစိမ်းဧက ၂၀ စိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံ၍ ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် စိုက်ပျိုးရေးကဏ္ဍသည် အရေးကြီးသောကြောင့် တောင်သူများနှင့်တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ တောင်သူများက သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ပေးရန်နှင့် တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ရာ တောင်သူများက လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြရန် ပြောကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရွာရှည်ကျေးရွာသို့ ရောက်ရှိကာ ရွာရှည်ကျေးရွာနှင့် ကျွတ်ကန်ကျေးရွာရှိ နွေစပါးဧက ၂၀၀ စိုက်ပျိုးမည့် တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ တောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက် )



## စဉ့်ကူနယ်မြေမီးသတ်စခန်းက ဓမ္မသိဒ္ဓိဘုန်းတော်ကြီးကျောင်းအတွက် ရေဂါလန် ၁၆၀၀ သွားရောက်လှူဒါန်း

ညောင်ဦး ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စဉ့်ကူနယ်မြေမီးသတ်စခန်းက စဉ့်ကူတိုက်နယ် ထက်ယာကုန်းကျေးရွာ ဓမ္မသိဒ္ဓိဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်၊ သံဃာတော်များ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရန်အတွက် ယနေ့တွင် သောက်သုံးရေများ သွားရောက်လှူဒါန်းသည်။

ညောင်ဦးမြို့နယ် စဉ့်ကူနယ်မြေမီးသတ်စခန်းတာဝန်ခံ တပ်ကြပ်ကြီး နေလင်းထွန်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ဌာနရေသယ်ယာဉ်ဖြင့် ရေဂါလန် ၁၆၀၀ အား စဉ့်ကူတိုက်နယ် ထက်ယာကုန်းကျေးရွာ ဓမ္မသိဒ္ဓိဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်၊ သံဃာတော်များအတွက် သောက်သုံးရေဖူလုံစေရန် ရေလှောင်ကန်အတွင်း စနစ်တကျ ဖြည့်တင်းလှူဒါန်းပေးခဲ့ပြီး ကျောင်းဝင်းအတွင်းရှိ စေတီတော်အား ရောင်တော်ဖွင့်ရေသပ္ပာယ်၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ညောင်ဦးမြို့နယ် စဉ့်ကူနယ်မြေမီးသတ်စခန်းက ဒေသတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ အခြေခံပညာ စာသင်ကျောင်းများနှင့် ရပ်ကွက်/ကျေးရွာနေပြည်သူများ သောက်သုံးရေပြတ်လပ်မှု မဖြစ်စေရန်နှင့် ဖူလုံစွာ သုံးစွဲနိုင်ရန်အတွက် နှစ်စဉ် ပွင့်လင်းရာသီကာလတွင် ဌာနပိုင်ရေသယ်ယာဉ်ဖြင့် ပြည်သူ့အကျိုးပြု သောက်သုံးရေများ ဖြည့်ဆည်းလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရေတာရှည်မြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပ

ရေတာရှည် ဖေဖော်ဝါရီ ၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းဝန်ထမ်းအိမ်ရာ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်၍ မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးခြင်းနှင့်လက်တွေ့သရုပ်ပြခြင်းကို ယနေ့နံနက် ၁၀ နာရီက ဘိုးတော်ကုန်းဝန်ထမ်းအိမ်ရာ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကောင်းထက်နိုင်က မီးဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မီးသတ်ဦးစီးနှင့်တပ်ဖွဲ့ဝင်များက မီးသုံးစွဲမှုအခြေအနေနှင့် မီးစနစ်တကျသုံးစွဲမှု ရှိ/မရှိ လိုက်လံစစ်ဆေးပြီး မီးဘေးအန္တရာယ်နှင့် ပတ်သက်သည်များ၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အသိပညာပေးပြောကြားသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုခြင်း၊ မီးလောင်မှုဖြစ်ပေါ်လာလျှင် မီးငြိမ်းသတ်ယာဉ်တို့ဖြင့် စုပေါင်းမီးငြိမ်းသတ်ခြင်း၊ မီးဘေးကြောင့် ထိခိုက်မိသူများအား အရေးပေါ်ကုသမှုပြုလုပ်ခြင်း၊ အရေးပေါ်ယာဉ်ဖြင့် စနစ်တကျသယ်ယူခြင်းတို့ကို သရုပ်ပြခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

## စစ်ကိုင်းမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

စစ်ကိုင်း ဖေဖော်ဝါရီ ၂

အမှတ်(၁၇)ယာဉ်ထိန်းရဲ ရဲတပ်ဖွဲ့ခွဲ(စစ်ကိုင်း) အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(စစ်ကိုင်း) က ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် ဆိုင်ကယ်စီးဦးထုပ် Campign ပြုလုပ်ခြင်းကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းမြို့ မြို့မဈေး မီးပွိုင့်လမ်းဆုံ၌ ပြုလုပ်သည်။

စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များ၊ အမှတ် (၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(စစ်ကိုင်း)မှ ဒုတိယရဲမှူး ကျော်စိုးလွင်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းဆောင်ရွက်၍ သတ်မှတ်စည်းကမ်းများနှင့်အညီ ကိုက်ညီသော ဆိုင်ကယ်စီးနင်းလာသူများအား ဆိုင်ကယ်စီးဦးထုပ်များ ဖြန့်ဝေပေးကြသည်။

အဆိုပါ Campign တွင် အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဆိုင်ကယ်စီးဦးထုပ်အလုံး ၅၀၀ ဖြန့်ဝေပေးခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ရုပ်စုံကာတွန်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိခြင်း၏ အကျိုးဆက်များ၊ ယာဉ်တိုက်ခိုက်မှုဖြစ်ပွားစေနိုင်သည့် အခြေအနေများနှင့် ယာဉ်ကြောများပြပုံ စသည့် အသိပညာပေးနံရံကပ်ပြဘုတ်များအား ပြည်သူများသိရှိနိုင်စေရန် ပြသပေးခဲ့ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးပိုစတာများတပ်ဆင်ထားသည့် ဆိုင်ကယ်များနှင့် ဖျော်ဖြေရေးယာဉ်များဖြင့် လှည့်လည်ဖျော်ဖြေပေးခဲ့ကြကြောင်း သိရသည်။

ဇော်မြင့်နိုင်( ပြန်/ဆက်)



## ရေကြောင်း သတိပေးချက်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M-9 ရှိ ဇောတိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက်အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတို့တွင် Geotechnical Site Investigation Survey (GTI) လုပ်ငန်းများအား Survey Vessel, GEO MARINER ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော ကမ်းလွန်လုပ်ကွက်အမှတ် M-5/M-6(ရတနာ)ရှိ Well Location Point M5-Exp C1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇မိနစ် ၄၅.၂၆၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၀ မိနစ် ၁၀.၅၁၃၁ စက္ကန့်၊ Point M5-Exp C2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂မိနစ် ၅၀.၃၇၇၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၆ မိနစ် ၀.၄၂၂၁ စက္ကန့်၊ Point M6-Exp CA မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၂ မိနစ် ၅၈.၀၆၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၅၉.၃၅၇၈ စက္ကန့်၊ Point M6-Exp CF မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၇မိနစ် ၆.၁၈၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၉ မိနစ် ၂၉.၂၁၉၀ စက္ကန့်၊ Point Yadana-Infill WP2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၀၈.၈၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၀၈၈၇ စက္ကန့်၊ Point Badamya-Infill WP4 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉မိနစ် ၃၈.၁၁၉ စက္ကန့်၊ အရှေ့လောင်ဂျီ တွဒ် ၉၄ ဒီဂရီ ၄၃ မိနစ် ၀၂.၁၀၈စက္ကန့်၊ Point Apprisal-C1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉မိနစ် ၂၃.၅၂၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၉ မိနစ် ၄၈.၄၀၀၁ စက္ကန့်၊ Point Apprisal- C2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၃မိနစ် ၃၃.၇၃၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၅ မိနစ် ၃၅.၇၃၅၁ စက္ကန့်နှင့် ကမ်းလွန်လုပ်ကွက် M-9 (ဇောတိက) ရှိ Wellhead Platform Location-Point WPH Zawtika-41 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇မိနစ် ၁၈.၅၈၇၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၄ မိနစ် ၅၆.၂၇၆၇၈ စက္ကန့်တို့အတွင်းတွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှ ဧပြီ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ M-9 ရှိ ဇောတိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက် အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတို့တွင် Geotechnical Site Investigation Survey (GTI) လုပ်ငန်းများအား Survey Vessels, GEO MARINER ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါတည်နေရာများမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ်ကို ကျေညက်ပိုင်နိုင်စွာ ဖြေဆိုနိုင်ရန် အတွက် အင်္ဂလိပ်စာမေးခွန်းပုံစံ နံပါတ်တစ်ခုချင်းစီအလိုက် မေးခွန်းများနှင့် ဖြေဆိုနည်းများကို ထည့်သွင်းဖော်ပြလိုက်ပါသည်။

**ယခင်အပတ်က Question V Read the passage. မေးခွန်းများကို ဖော်ပြခဲ့ပါတယ်။**

**Answers**

**V. (5) Read the passage.**

(A) (1) red handed (2) red letter day (3) courage (4) yellow card (5) Black clothes

(B) (6) Red hot music is music that is loud and quick in rhythm. (7) We really hate red tape because of unnecessary rules and regulations which result in delay. (8)In the USA, a yellow ribbon is used as a symbol of welcome for those returning home after having undergone danger. (9) A company in the black means that it has more money than it owes. (10) Someone is described as the black sheep of the family when he or she notoriously stands out from the rest of the family.

**(6) Read the passage.**

(A) (1) digital (2) Natural environment (3) clean up (4) create (5) time

(B) (6) AI can help teachers in grading tests, retrieving up – to – date information on their subject matter, writing progress reports, etc. in the field of education. (7) Most industries around the world innovate AI – based industrial robots, machines and tools. (8) Replacing human workers with robots, family members of AI – powered machines, in mass production industries can result in a high risk of unemployment or redundancy in future. (9) We should recognize AI because it is everywhere, with its success story here and there. (10) We can say that AI – powered machines outperform humans in some sectors because they can do human tasks with the greatest precision.

**(7) Read the passage.**

(A) (1) insufficient light (2) be caused (3) Sleep deprivation (4) minimise (5) possible

(B) (6) The consequence of sleep deprivation is stress, headaches and increasing anxiety. (7) Many nocturnal and crepuscular creatures can't hunt for their prey well because of bright artificial night light. (8) We must reduce the use of fossil fuels by promoting the use of friendly sources of energy like the sun, wind and water. (9) We should avoid using more fertilisers and pesticides in agriculture. (10) We encounter dire consequences as losers when we do not do something to combat pollution: a hazard to our environment.

**(8) Read the passage.**

(A) (1) the location (2) popularity (3) solar energy (4) a large area of land (5) turning to

(B) (6) Electricity is generated by solar energy when sunlight hits the photovoltaic cells on specially designed panels. (7) The benefits of solar energy to our environment are that it helps control air pollution, it causes no noise, and sunlight is a renewable energy that will not get used up. (8) Biomass is considered to be the oldest sources of renewable energy because it has been used since humans first started burning wood for fire. (9) We produce steam by the burning of biomass to turn turbines and generate electricity. (10) We can reduce the need to bury rubbish under the ground in a landfill by using biomass.

**(9) Read the passage.**

(A) (1) be controlled (2) who (3) that (4) teach (5) very messy, spoilt little girl

(B) (6) Captain Keller contacted the director of the Perkins Institute for the Blind in Boston in February, 1887. (7) Captain Keller contacted the Perkins Institute for the Blind in Boston to ask for help with Helen. (8) The director asked Annie if she would like to become Helen's teacher. (9)Annie Sullivan was excited by the idea of helping a deaf – blind child. 10. Helen grabbed Annie's suitcase and immediately began pulling everything out of it.

*********************

**Question V မေးခွန်းများကို ဆက်လက်ဖော်ပြပါမည်။**

**(10) Read the passage.**

There are many reasons for communication skills to have come to be regarded as a vital life skill in the 21st century. Firstly, it would be extremely difficult to fulfil even our most basic needs and wants, as anyone who has had the experience of travelling in a foreign country whose language he or she does not know will attest to. Secondly, just as our appearance creates the first impression, so does the way we speak and write. Thirdly, communication skills are important in our social dealings both within the family as well as with friends, acquaintances, and strangers as they can improve relationship or worsen it. Fourthly, good communication skills are required by many jobs, especially those that relate to dealing with the public, whether it is the position of a salesperson, or that of a CEO, as seen from the many job advertisements in newspapers. Fifthly, the higher the position of a person, the more expertise he or she will need in communication, as he or she has to interact with a wide spectrum of people, including those from other countries and cultures, in different situations.

In Myanmar, with the advent of market economy, expansion of micro, small and medium enterprises, growth in employment opportunities, increase in young people pursuing higher education both at home and abroad, and greater interaction with foreigners and foreign countries for business, tourism and other purposes, effective communication, including the ability to use a foreign language, especially the English language, and the ability to translate and interpret, has risen to the forefront of the skills much in demand these days.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) Without -------- the language of a foreign country, it is difficult to fulfil the most basic needs and wants.

(2) Not only can --------- improve relationship, but they can also worsen it.

(3) The --------- makes employment opportunities grow.

(4) Higher education both at home and abroad -------- by young people.

(5) To communicate -------, we need the ability to use English for translating and interpreting.

**(B) Answer each question in one sentence. (5 marks)**

(6) How can communication skills be regarded in the 21th century?

(7) What can create the first impression?

(8) Who requires good communication skills?

(9) Why does a person in a higher position need much expertise in communication?

(10) How has effective communication risen?

**(11) Read the passage.**

He came into the room to shut the windows while we were still in bed and I saw he looked ill. He was shivering, his face was white, and he walked slowly as though it ached to move.

"What's the matter, Schatz?" "I've got a headache." "You better go back to bed."

"No, I'm all right." "You go to bed. I'll see you when I'm dressed."

But when I came downstairs he was dressed, sitting by the fire, looking a very sick and miserable boy of nine years. When I put my hand on his forehead I knew he had a fever.

"You go up to bed," I said, "you're sick." "I'm all right," he said.

When the doctor came he took the boy's temperature.

"What is it?" I asked him. "One hundred and two."

Downstairs, the doctor left three different medicines in different colored capsules with instructions for giving them. One was to bring down the fever, another a purgative, the third to overcome an acid condition. The germs of influenza can only exist in an acid condition, he explained. He seemed to know all about influenza and said there was nothing to worry about if the fever did not go above one hundred and four degrees. This was a light epidemic of flu and there was no danger if you avoided pneumonia. Back in the room I wrote the boy's temperature down and made a note of the time to give the various capsules.

"Do you want me to read to you?"

"All right. If you want to," said the boy. His face was very white and there were dark areas under his eyes. He lay still in the bed and seemed very detached from what was going on. I read aloud from Howard Pyle's Book of Pirates; but I could see he was not following what I was reading.

"How do you feel, Schatz?" I asked him.

"Just the same, so far," he said.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) As the boy looked ill, he felt --------.

(2) The father asked the boy -------- the matter was.

(3) The boy was -------- old.

(4) The father asked the doctor what -------- was.

(5) The boy could not follow what -------- was reading.

**(B) Answer each question in one sentence. (5 marks)**

(6) What did the father tell the boy when he replied that he had got a headache?

(7) How did the father see the boy when he came downstairs?

(8) Why did the doctor leave three different medicines?

(9) Back in the room, what did the father ask the boy?

(10) Why was the boy not interested in Howard Pyle's Book of Pirates?

**(12) Read the passage.**

Lee Yoo–Mi, a Korean student, came to Myanmar under the KOICA Overseas Volunteer Program and became friends with Thuzar Aung, a teenage girl. Neither of them could speak the other's language. However, communication was going well as they could communicate with each other in English. Thuzar addressed Lee Yoo–Mi as 'Lee Yoo' and the latter called Thuzar Aung 'Aung'. A few weeks later, the Korean girl said, "I feel a bit uncomfortable when you call me Lee. That's my family name. Please call me "Yoo–Mi". As a Myanmar girl, who is learning English as a foreign language, she thought that her family name might be the last name and the Korean girl also thought, as in her own culture, the family name of her Myanmar friend is Thuzar. Each of them realised that their guesses were wrong and then became comfortable and happy with the name they wanted to be called.

In BLOG POST 4, the two friends from different lands made wrong guesses about how a person should be addressed as they did not realise that each culture has its own naming system.

စာမျက်နှာ ၂၂ သို့ ★

★ စာမျက်နှာ ၂၀ မှ

All these BLOG POSTS show that people from different cultures communicate messages and perceive the world around them differently. Intercultural communication involves not only an interaction between people from different countries but also communication between subgroups or ethnic groups within the same country. There are also differences in various aspects of culture: values, beliefs, rituals, norms, language and symbols. Intercultural conflicts and misunderstandings may occur as a result of these differences. To avert faux pas, or social blunder, in any international communication, intercultural awareness should be raised. This should certainly reduce social conflicts when two or more people of different nationalities or ethnic groups come into contact.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) A -------- who came to Myanmar was Lee Yoo – Mi.
(2) Thuzar Aung was -------- old when she met Lee Yoo – Mi.
(3) Learning English, Thuzar thought that the -------- must be the last name.
(4) People from different cultures have -------- of culture.
(5) Intercultural awareness should -------- to advert social blunder.

**(B) Answer each question in one sentence. (5 marks)**

(6) What language did the two girls use to communicate each other?
(7) Why did the Korean girl feel a bit uncomfortable when she was called Lee?
(8) How did the Korean girl call the Myanmar girl Aung?
(9) What do people from different cultures do?
(10) What can certainly reduce social conflicts when people of different nationalities or ethnic groups come to contact?

*********************

**Question VI မေးခွန်းကတော့ Unseen Passage မေးခွန်းဖြစ်ပါတယ်။ Text Book ထဲမှာပါတဲ့ သင်ခန်းစာတွေမဟုတ်ဘဲ အပြင်က စာပိုဒ်တွေကို ပေးထားပြီး မေးခွန်း (A) မှာ စာပိုဒ်ထဲက အနက်ရောင်နဲ့ ပေးထားတဲ့ စကားလုံးငါးခုရဲ့ အဓိပ္ပာယ်နဲ့တူညီတဲ့ စကားလုံး (same meaning) တွေကို ရွေးချယ် ဖြေဆိုရမှာဖြစ်ပါတယ်။ တစ်ပုဒ်တစ်မှတ်စီနဲ့ ၅ ပုဒ် ၅ မှတ်ဖိုးဖြစ်ပါတယ်။**

**မေးခွန်း (B) မှာ Answer the questions မေးခွန်းဖြစ်ပါတယ်။ တစ်ပုဒ်နှစ်မှတ်စီနဲ့ ၅ ပုဒ် ၁၀ မှတ်ဖိုးဖြစ်ပါတယ်။ မေးခွန်းတွေဖြေတဲ့ အခါမှာ ဘာကိုမေးတာလဲ၊ ဘာကိုဖြေရမှာလဲ၊ ဘယ်လိုပြန်ဖြေရမှာလဲ ဆိုတဲ့ အချက်သုံးချက်နဲ့ကိုက်ညီအောင်ဖြေဆိုဖို့လိုပါတယ်။ စာပိုဒ်ထဲ မှာပါတဲ့ ဝါကျတွေကို မူလအတိုင်း ပြန်ကူးရင် အမှတ်မရပါဘူး။ မေးခွန်း ဖြေဆိုပုံတွေနဲ့အညီ သင့်လျော်သလို ပြန်ဖြေရမှာဖြစ်ပါတယ်။ ပြီးပြည့်စုံ တဲ့အဖြေကို ဖြေဆိုဖို့လိုအပ်ပါတယ်။**

## VI(1). Read the passage.

It takes years, and sometimes decades, for a drug to move from the **theoretical** stage to the pharmacy shelf. Of the thousands of drugs under investigation at any one time, only a small **fraction** will produce the desired result without unacceptable side effects. First, scientists target a step in the disease process where they believe a drug can have an effect. Then they manufacture compounds or take them from organisms such as viruses and fungi and test them in laboratory cultures. Once scientists **isolate** a chemical that produces a desirable effect, they analyze its structure and alter it as necessary to enhance the outcome. The next step involves testing the drug in animals. Scientists look at how much drug is absorbed into the bloodstream, how it distributes to different organs, how quickly it is excreted or leaves the body, and whether it has any toxic effects or **by – products**. Researchers usually test at least two animals' species because the same drug may affect species differently. If a chemical passes laboratory and animal testing and is **deemed** appropriate to analyze in human volunteers, it is ready for clinical trials. There are four phases of clinical trials; the first three phases study whether the drug is effective and can be safely administered to patients, and the fourth phase evaluates long–term safety and use once a drug is on the market.

**(A) Find the bold – faced words in the passage that are similar in meaning in the following. (5 marks )**

(1) be believed or judged 1. ----------------
(2) to set apart or cut off from others 2. ----------------
(3) side effects 3. ----------------
(4) abstract; relating to theory 4. ----------------
(5) a small part 5. ----------------

**(B) Answer the following questions. Give completely answers. ( 10 marks )**

(6) How long does a drug take to move from the theoretical stage to the pharmacy shelf?
(7) How will a small fraction produce the desired result?
(8) What do scientists do after targeting a step in the disease process?
(9) Why do researchers usually test at least two animal species?
(10) When is a chemical ready for clinical trials?

## VI(2). Read the passage.

Cars have had enormous effects on the way our world looks. The landscape is now covered with highways and longer and wider bridges spanning rivers. The sharp division between urban and rural areas has been replaced by **suburban** sprawl. Cars are also causing serious problems. As the price of rises, gas – fueled cars came into use. In the early twentieth century in North America, electric cars shared the roads with gas – fueled cars. After a short time, people felt that electric cars did not have the **flair** that gas – fueled cars had because they were slow and not able to travel the required distance. With the noticeable advance in battery technology, electric cars can travel over hundred miles on a single charge. In Europe and in Asia where **commuting** distances are shorter and gas is expensive, electric cars are more popular. China has offered **monetary** incentive to Japan car manufacturers as well as to the people who purchase electric cars. Taxi drivers in Tokyo have **embraced** electric vehicles. Nowadays, all electric cars will help reduce exhaust and greenhouse gases.

**(A) Find the bold – faced words in the passage that are similar in meaning in the following. (5 marks )**

(1) travelling regularly between home and work 1. --------
(2) accepted something enthusiastically 2. --------------
(3) related to money 3. --------------
(4) elegant style 4. --------------
(5) related to the area just outside a city 5. --------------

**(B) Answer the following questions. Give completely answers. ( 10 marks )**

(6) What cover the landscape?
(7) Where have new suburban neighbours developed?
(8) Why did people feel that electric cars did not have the flair that gas – fueled cars had?
(9) How can electric cars travel over hundred miles?
(10) Which do you prefer: electric cars or fueled cars? Why or why not?

## VI(3). Read the passage.

During the last 400 years, most scientists have **relied** on mathematics in their development of their inventions or discoveries. However, one great British scientist, Michael Faraday, did not make use of mathematics. Faraday, the son of a poor **blacksmith**, was born in London in 1791 and had no education beyond reading and writing. In 1812, Faraday was hired as a bottle washer by the great chemist Humphry Davy. Later, Faraday became a greater scientist than Davy, making the last years of Davy's life **embittered** with jealousy. Faraday made the first electric motor in 1821, a device that used electricity to produce movement. Then Faraday became interested in the relationship between electricity and **magnetism**. In 1831, he discovered that when a magnet is moved near a wire, electricity flows in the wire. With this discovery he produced a machine for making electricity called a **dynamo**. Faraday then went on to show how electricity affects chemical substances.

**(A) Find the bold – faced words in the passage that are similar in meaning in the following. (5 marks )**

(1) a person who forges iron 1. ------------------
(2) the property of being magnetic 2. ------------------
(3) a machine that converts mechanical power to electrical power 3. ------------------
(4) trusted or depended 4. ------------------
(5) hurt or stinging 5. ------------------

**(B) Answer the following questions. Give completely answers. ( 10 marks )**

(6) When and how have scientists relied on mathematics?
(7) Who got bored with mathematics and what education did he have?
(8) What did Faraday work in 1812 and why did Davy feel embittered with jealousy?
(9) What was invented in 1821 and in what relationship was Faraday interested?
(10) What was the discovery in 1831 of Faraday and how did he make good use of his discovery?

## VI(4). Read the passage.

The concept of ecotourism has been gaining publicity over the past couple of decades. It arouses out of the '**green** movement ' –- a growing interest in developing practices in all aspects of daily life that preserve rather than injure the natural environment. Ecotourists **strive** to have minimal impact on the places they visit, in terms of both the local ecology and the local culture. Some define ecotourism as travel that aims not only to avoid harming the environment but also to make a positive contribution to the local ecology and culture. Ecotourism might involve travel to a natural **destination** such as a national park or a nature preserve to learn about the natural environment, and in some cases, to volunteer on environmental protection projects. It could be a few weeks spent with local artisans learning how to do a traditional craft. Ecotourists seek out **accommodations** that follow environmentally friendly practices such as using renewable resources and recycling. They often shun cruise ships because these are among the biggest culprits in the tourism industry in terms of environmental pollution. Because of growing interest in ecotourism, many companies advertise themselves as ecotourism companies, especially those that offer trips to **remote**, natural areas, and the type of destinations that ecotourists favour.

**(A) Find the bold – faced words in the passage that are similar in meaning in the following. ( 5 marks )**

(1) to work very hard to do something 1. -------------
(2) natural region away from towns and cities 2.----------
(3) places to stay such as a hotel 3. -------------
(4) environmentally friendly 4. -------------
(5) the place somebody or something is going to 5. --------

**(B) Answer the following questions. Give completely answers. ( 10 marks )**

(6) When has the concept of ecotourism been known?
(7) What is the ' green movement '?
(8) How do ecotourists strive to have minimal impact on the places they visit?
(9) Why do ecotourists choose to travel to a natural destination such as a national park or a nature preserve?
(10) How are cruise ships regarded by ecotourists?

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉–၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သော ကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

## လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓါတ်တိုင် နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့် တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

## လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓါတ်တိုင်များ၊ ဓါတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၇

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီ အခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။


**သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
ရုံးအမှတ်(၂၃)၊ နေပြည်တော်
၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၃၄၀၄၆၆၆၊ ၀၆၇ - ၃၄၀၄၇၇၇
Email - ddmrelief.lm@gmail.com,
reliefupper2022@gmail.com,
myanmareoc.rrd@gmail.com


၈

# အေအိုင်ပြိုင်ဆိုင်မှု ခြေလှမ်းသစ်

**နီဇော်သစ်**

**၂၀၂၅ ခုနှစ်သည် နှစ်စပိုင်းမှာပင် နည်းပညာပြိုင်ဆိုင်မှုများဖြင့် စိတ်လှုပ်ရှားစရာကောင်းနေသည်။ ဇန်နဝါရီ ၁၆ ရက်တွင် ကမ္ဘာ့အချမ်းသာဆုံး ဘီလျံနာကြီးနှစ်ဦးဖြစ်သော အီလွန်မက်စ်နှင့် ဂျက်ဖ်ဘီဇော့စ်တို့၏ ဒုံးပျံအသီးသီးလွှတ်တင်မှုတို့ကို အာကာသပြိုင်ဆိုင်မှုအဖြစ် တွေ့မြင်ခဲ့ရသည်။ ဇန်နဝါရီ ၂၇ ရက်တွင်မူ အေအိုင်ပြိုင်ဆိုင်မှုအသစ်တစ်ခု စတင်ခဲ့ပြီး အေအိုင်လောက၏ လားရာကိုပင် ပြောင်းလဲသွားစေနိုင်မလားဆိုသည့်မေးခွန်းများ ထွက်လာသည်အထိ သက်ရောက်မှုရှိခဲ့သည်။**

ယင်းနေ့တွင် တရုတ်အေအိုင် app တစ်ခုဖြစ်သော DeepSeek သည် လက်ရှိနာမည်အကြီးဆုံး အမေရိကန်အေအိုင် ChatGPT ကို ကျော်ဖြတ်ကာ အသုံးပြုသူအများဆုံး app အဖြစ် ရောက်ရှိခဲ့သည်။ စစ်ဆေးအသုံးပြုမှုများအရ DeepSeek သည် လက်ရှိဈေးကွက်ကို ဦးဆောင်နေသော ChatGPT ကို အစစအရာရာ ယှဉ်နိုင်သည်။ ထူးခြားချက်မှာ DeepSeek သည် အရင်းအမြစ်အသုံးပြုမှု သိသိသာသာ နည်းပါးခြင်းဖြစ်သည်။ တွက်ချက်မှုအတွက် ဂျီပီယူ ၂၀၀၀ ဝန်းကျင်သာ အသုံးပြုထားပြီး လေ့ကျင့်ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၈ သန်းသာရှိ၍ အမေရိကန် အေအိုင်ကုမ္ပဏီကြီးများ၏ အသုံးစရိတ်နှင့်ယှဉ်လျှင် အဆရာဂဏန်းပိုနည်းနေသည်။




DeepSeek ၏ ကုန်ကျစရိတ်နည်းပြီး စွမ်းဆောင်ရည်မြင့်မားမှုသည် အမေရိကန်ရင်းနှီးမြှုပ်နှံသူတို့ကို ရုတ်တရက် စိုးရိမ်စိတ်ဝင်သွားစေပြီး နည်းပညာလုပ်ငန်းကြီးများမှ ရှယ်ယာများကို ပြန်ရောင်းထုတ်ခဲ့ကြရာ အင်န်ဗီးဒီးယား၊ မိုက်ခရိုဆော့ဖ်၊ အယ်လ်ဖာဘက်တို့ကဲ့သို့ နာမည်ကျော်လုပ်ငန်းကြီးများသည် ရှယ်ယာတန်ဖိုး သိသိသာသာကျဆင်းမှုနှင့် ကြုံတွေ့ခဲ့ရသည်။ နက်စ်ဒက် ၁၀၀ ညွှန်းကိန်းတွင် ၃ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားရာ ဈေးကွက်ဆုံးရှုံးမှု အမေရိကန်ဒေါ်လာ တစ်ထရီလီယံနီးပါးရှိခဲ့သည်။

ထိုအချက်အလက်တို့ကို ဗြိတိန်အခြေစိုက်သတင်းဌာနဖြစ်သည့် ဂါးဒီးယန်းနှင့် ဝီကီပီးဒီးယားတို့မှ ယူထားခြင်းဖြစ်သည်။ အတိုချုပ်ပြောရလျှင် တရုတ်အေအိုင်တစ်ခုပေါ်လာပြီး ဈေးကွက်လက်ဦးထားသော အမေရိကန်အေအိုင်ကို ရင်ပေါင်တန်းလာသောကြောင့် အမေရိကန်နည်းပညာလောကတစ်ခုလုံး ဂယက်ရိုက်သွားသည်ဆိုသည့်အချက်မှာ ထူးသော်လည်း မဆန်းဟုဆိုနိုင်သည်။ နည်းပညာလောကတွင် အကြံတူ နောက်လူသာစမြဲ။ နောက်လူက သာသောအချက်တွင် ကုန်ကျစရိတ်နည်းသွားခြင်းလည်း ပါဝင်သည်။ ယင်းအချက်မှာ နည်းပညာနှင့်ထိစပ်နေသော လူသားတိုင်းအတွက် ဝမ်းမြောက်ဖွယ်သတင်းလည်းဖြစ်၏။

ကျွန်တော်သည် ချက်ဂျီပီတီ ပေါ်စကတည်းက သေသေချာချာ စမ်းသုံးဖြစ်ခဲ့သည်။ အချက်အလက်စစ်ဆေးတွက်ချက်မှုတစ်ခုကို နေ့စဉ်နီးပါး စမ်းကြည့်ခဲ့သလို ပရိုဂရမ်ရေးခိုင်းခြင်း၊ အက်ဆေးရေးခိုင်းခြင်း၊ သတင်းအချက်အလက် ရှာဖွေစုဆောင်းခိုင်းခြင်းတို့ကို စမ်းသပ်ခဲ့သည်။ အတော်လေးအသုံးဝင်ခဲ့သည်။ သို့သော် အဓိကပြဿနာမှာ ချက်ဂျီပီတီ၏ အပြောအတိုင်းပြောရလျှင် အရင်းအမြစ်အသုံးပြုမှု အကန့်အသတ်ရှိခြင်းဖြစ်သည်။ ရှင်းရှင်းပြောရလျှင် ပိုက်ဆံတောင်းခြင်းသာ။ သူတို့တောင်းသည့် လစဉ်ကြေးက မများလှဟုဆိုနိုင်သည်။

ဒိဆိခ်ပေါ်လာချိန်တွင် ချက်ဂျီပီတီကို စမ်းသည့်အတိုင်း စမ်းကြည့်သည်။ အကုန်လုံးအဆင်ပြေသည်။ ပိုအဆင်ပြေသည့်အချက်မှာ ပိုက်ဆံမတောင်းခြင်းပင်။ အထူးသဖြင့် အချက်အလက်စစ်ဆေးတွက်ချက်မှုတွင် အချက်အလက်များသွားချိန်၌ ဂျီပီတီက အလုပ်မဖြစ်တော့။ သူ့အရင်းအမြစ်အကန့်အသတ်ကို ပြည့်မီသွားပြီဟုဆိုသည်။ ဒိဆိခ်က ထိုသို့မဟုတ်။ ဆိုလိုသည်မှာ ဂျီပီတီက ပိုက်ဆံယူပြီး လုပ်ပေးသည့်အပိုင်းတို့ကို ဒိဆိခ်က အခမဲ့လုပ်ပေးသည့်သဘောဖြစ်သည်။ ထို့ကြောင့် ဝမ်းမြောက်ဖွယ်သတင်းဟု ဆိုရခြင်းပင်။ နည်းပညာပြိုင်ဆိုင်မှုတွင်သာမက မည်သည့် စီးပွားရေးလောကတွင်မဆို အရည်အချင်းတူပြိုင်ဘက်က ဈေးလျှော့ပေးလာလျှင် ဈေးကွက်မည်မျှ ဦးဆောင်ထားပါစေ တင်းခံနိုင်ဖို့မလွယ်။ ထို့ကြောင့် ပိုက်ဆံမပေးရဘဲ ပိုကောင်းသည့် အေအိုင်တို့ကို သုံးနိုင်လာတော့မည့် အလားအလာဖြစ်သည်။

ထို့ပြင် နည်းပညာတို့၏ အတိုင်းမသိ ပျံ့နှံ့တတ်သည့်သဘောနှင့်လည်း တစ်ထပ်တည်းကျသည်။ ပျံ့နှံ့မှုတွင် အခရာကျသည်မှာ အသုံးပြုရသည့်စရိတ်ဖြစ်သည်။ ကုန်ကျစရိတ်နည်းလေလေ လူများများအသုံးပြုနိုင်လေလေဖြစ်ပြီး နည်းပညာ ပိုမိုပျံ့နှံ့လေလေဖြစ်သည်။ ယခု အေအိုင်နည်းပညာသည်လည်း ထိုလမ်းကြောင်းထဲသို့ ခပ်မြန်မြန်ဝင်ရောက်လာပြီ။ ထိုသို့ဖြစ်၍ တရုတ်ကုမ္ပဏီက တော်လွန်းပြီး အမေရိကန်တို့ ညံ့သွားသည်လားဆိုတော့ ထိုသို့မဟုတ်။ အရင်ဆုံးတီထွင်သူတို့သည် ကုန်ကျစရိတ်ပိုများစမြဲဖြစ်သည်။

ထို့ပြင် အေအိုင်နည်းပညာသည် ဒီမိုကရက်တစ်ဆန်ရမည်၊ တစ်နည်းအားဖြင့် လူတိုင်းသိခွင့်ရှိရမည်ဆိုသည့် အမေရိကန်နည်းပညာလုပ်ငန်းကြီးများ၏ သဘောထားကြောင့် နည်းပညာပိုင်းဆိုင်ရာ လျှို့ဝှက်ချက် သိပ်များများစားစားမရှိ။ ပွင့်လင်းအရင်းအမြစ်များမှ လူတိုင်း ဝင်ယူနိုင်သည်။ မိုက်ခရိုဆော့ဖ် အေအိုင် စီအီးအို မူဆတာဖာဆူလီမန်၏ စကားအတိုင်းဆိုလျှင် လျှို့ဝှက်ထား၍လည်းမရ၊ နေ့ချင်းညချင်း အဟက်ခံရပြီး ပွင့်လင်းအရင်းအမြစ်များထဲသို့ ရောက်သွားမြဲ။

ထို့ကြောင့် ကုန်ကျစရိတ်နည်းသွားသည်မှာလည်း မဆန်း။ အကြံတူ နောက်လူသာခြင်းမှာလည်း မဆန်း။ ဦးစီးရှေ့ဆောင်လုပ်ငန်းကြီးများ ဂယက်ထသွားသည်မှာလည်းမဆန်း။ စိတ်ဝင်စားဖို့ကောင်းသည်မှာ နည်းပညာဘီလူးကြီးများက ဘယ်လိုတုံ့ပြန်မလဲဆိုသည့်အချက်ဖြစ်သည်။

လောလောဆယ် လက်ဦးမှုရထားသည်မှာ မိုက်ခရိုဆော့ဖ်။ ဇန်နဝါရီ ၂၉ ရက်တွင် Deep Seek-R1 မိုဒယ်ကို Windows ၏ Copilot အေအိုင်တွင် အသုံးပြုသွားမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။ ကိုပိုင်းလော့ကို အိုးပင်းအေအိုင်နှင့် မိုက်ခရိုဆော့ဖ်တို့က ၂၀၂၂ ခုနှစ်မှစ၍ ဝင်းဒိုးစ်တွင် စတင်ထည့်သွင်းခဲ့ခြင်းဖြစ်သည်။ ပရိုဂရမ်ကုတ်ရေးသူများအတွက် အလွန်အသုံးတည့်ခဲ့ပြီး ကုတ်ရေးရာတွင် ၅၅ ရာခိုင်နှုန်းပိုမိုမြန်ဆန်သွားစေခဲ့သည်ဟု ဆိုကြသည်။ ဒုတိယဦးနှောက်တစ်လုံးရလာသလိုဟုပင် တင်စားကြသည်။ ယခု ကိုပိုင်းလော့တွင် ဒိဆိခ်ကို အားဖြည့်ထည့်သွင်းရန် မိုက်ခရိုဆော့ဖ်က စီစဉ်လာခြင်းဖြစ်သည်။

ထိုအေအိုင်သည် ကွာလ်ကွန်းကုမ္ပဏီ၏ စနပ်ဒရက်ဂွန် အိက်စ်ချစ်ပ်အသစ်များ ပါဝင်လာမည့် ကွန်ပျူတာများတွင် စတင်ပါဝင်လာတော့မည်ဖြစ်သည်။ နောက်ပိုင်းချစ်ပ်များတွင် ပါဝင်လာသည့် နျူရယ် ပရိုဆက်ဆင်းယူနစ် (Neural Processing Units)တို့၏ စွမ်းဆောင်ရည်ကို ပိုမိုကောင်းမွန်ရန် ကုန်ကျစရိတ်နည်းသည့် အေအိုင်မိုဒယ်ကို ထည့်သွင်းလိုက်ခြင်းဟုလည်း ဆိုနိုင်သည်။ Windows 11 အတွက် ဘာသာစကားအသေးစားမိုဒယ်ဖြစ်သော ဖိုင်ဆီလီကာထံမှ ဒိဆိခ်က သင်ယူပြီး ဝင်းဒိုးစ်ကို ပိုကောင်းအောင် ပံ့ပိုးပေးမည်ဟု မိုက်ခရိုဆော့ဖ်က ဆိုသည်။

ဒိဆိခ်ကို မိုက်ခရိုဆော့ဖ်ကိုင်တွယ်ပုံက ပညာသားပါသည်။ တစ်ဖက်တွင် ချက်ဂျီပီတီ ပိုင်ဆိုင်သောမိုဒယ်များကို ဒိဆိခ်က ခွင့်ပြုချက်မယူဘဲ လေ့ကျင့်ခဲ့သည်ဟု စွပ်စွဲထားပြီး အိုးပင်းအေအိုင်ရော မိုက်ခရိုဆော့ဖ်ကပါ စုံစမ်းစစ်ဆေးမှုများ လုပ်နေပြီဖြစ်သည်။ ထို့ကြောင့် အေအိုင်လောက၏ပြိုင်ဆိုင်မှုက စိတ်ဝင်စားဖို့ ပိုကောင်းသည်ထက် ကောင်းလာလျက်ရှိသည်။ ။

Ref: theguardian.com
wikipedia.com
reuters.com
The Coming Wave by Mustafa Suleyman

# ၂၁၀၀ ပြည့်နှစ်တွင် ပင်လယ်ရေမျက်နှာပြင် ခြောက်ပေကျော် မြင့်တက်လာနိုင်

ကမ္ဘာပေါ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လှုံ့ဆော်တိုက်တွန်းနေကြသည့်တိုင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်ခြင်းမှာ လျော့ကျမသွားသည့်အပြင် တိုးလာသောကြောင့် ထိုအတိုင်းဆက်တိုးသွားပါက ၂၁၀၀ ပြည့်နှစ်တွင် ပင်လယ်ရေမျက်နှာပြင်သည် ၆ ဒသမ ၂ ပေခန့် မြင့်တက်လာမည်ဖြစ်၍ ကမ္ဘာ့မြို့ကြီးတော်တော်များများ ရေလွှမ်းမိုးသွားနိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးလိုက်သည်။



ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုကို လေ့လာခဲ့သည့် စင်ကာပူနိုင်ငံ နန်းယန်နည်းပညာတက္ကသိုလ်မှ သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဘင်ဂျမင် ဂရန်ဒီက "အမြင့်ဆုံးခန့်မှန်းချက် ၆ ဒသမ ၂ ပေဆိုတာက တိုင်းပြည်ခေါင်းဆောင်တွေအနေနဲ့ အရေးကြီးတဲ့ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာတွေအတွက် စဉ်းစားဖို့လိုအပ်လာပြီဆိုတာ ပြနေပါတယ်"ဟု ဆိုသည်။

ကမ္ဘာကြီးပူနွေးမှုကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုကိုလေ့လာရာတွင် အမြင်သာဆုံးမှာ ရေခဲတောင်ကြီးများ အရည်ပျော်ကျခြင်းဖြစ်ပြီး ယင်းအပြင် အခြားအချက်များစွာတို့ကိုလည်း ထည့်သွင်းစဉ်းစားရသည်။ ယခု အင်န်တီယူက လုပ်သည့် သုတေသနမှာ တော်တော်လေးခိုင်မာမှုရှိကြောင်း သိပ္ပံပညာရှင်တို့က လက်ခံထားကြသည်။

"ပိုပြီးအရေးကြီးတာက ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချပြီး ရာသီဥတုထိန်းသိမ်းရေးကို အလေးထားကြဖို့ပါ"ဟု ဒေါက်တာဂရန်ဒီက ဆက်ပြောသည်။

ကမ္ဘာကြီးပူနွေးမှုသည် ပါရီသဘောတူညီချက်က သဘောတူထားသောစက်မှုတော်လှန်ရေးမတိုင်မီကထက် ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်တွင်သာ ထိန်းထားရေး ရည်မှန်းချက်မှာ ပြီးခဲ့သည့်နှစ်က ကျော်လွန်သွားခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကလည်း သမ္မတအဖြစ် ကျမ်းကျိန်ပြီး မကြာမီမှာပင် ပါရီသဘောတူညီချက်မှ ဒုတိယအကြိမ်နုတ်ထွက်ရန် သမ္မတအမိန့် ထုတ်ပြန်လိုက်ပြီဖြစ်သည်။

Ref: Daily Mail

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# တိုက်စစ်မှူး မိုဟာမက်ဆာလာ ပရီမီယာလိဂ် သမိုင်းတစ်လျှောက် ခြောက်ဦးမြောက် ဂိုးသွင်းအများဆုံးကစားသမားဖြစ်လာ



လီဗာပူးအသင်း တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ ဘုန်းမောက်အသင်းနဲ့ လီဗာပူးအသင်းတို့ ဖေဖော်ဝါရီ ၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ် သမိုင်းတစ်လျှောက် ခြောက်ဦးမြောက် ဂိုးသွင်းအများဆုံးကစားသမားဖြစ်လာခဲ့ပါပြီ။

အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းက ဘုန်းမောက်အသင်းကို မိုဟာမက်ဆာလာရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့ နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့တာဖြစ်ပြီး မိုဟာမက်ဆာလာက ပထမပိုင်း ပွဲကစားချိန် မိနစ် ၃၀ မှာ ပင်နယ်တီကနေ တစ်ဂိုးနဲ့ ဒုတိယပိုင်းပွဲကစားချိန် ၇၅ မိနစ်မှာ တစ်ဂိုးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အခုလို သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် မိုဟာမက်ဆာလာဟာ သွင်းဂိုး ၂၁ ဂိုးနဲ့အတူ ပရီမီယာလိဂ်ရဲ့ ယခုဘောလုံးရာသီမှာ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေတာ ဖြစ်ပါတယ်။ ဒ့ါပြင် ပရီမီယာလိဂ်သမိုင်း တစ်လျှောက် သွင်းဂိုး စုစုပေါင်း ၁၇၈ ဂိုး ရှိလာခဲ့ပြီး အရင်က ပရီမီယာလိဂ်သွင်းဂိုး ၁၇၇ ဂိုးနဲ့ ခြောက်ဦးမြောက် ဂိုးသွင်း အများဆုံးအဖြစ် ရပ်တည်ခဲ့တဲ့ ဖရန့် လမ်းပတ်ကို ကျော်ဖြတ်ကာ မိုဟာမက် ဆာလာက ခြောက်ဦးမြောက် ဂိုးသွင်း အများဆုံးကစားသမားဖြစ်လာခဲ့ပါတယ်။

အဲဒီလို စွမ်းဆောင်ရည်တွေရှိလို့ ဆော်ဒီအာရေဗျကလပ် အယ်လ်အီတီဟက်ဒ်အသင်းက မိုဟာမက်ဆာလာကို ၂၀၂၃ ခုနှစ် စက်တင်ဘာလ ကတည်းက ပြောင်းရွှေ့ကြေးပေါင် သန်း ၁၅၀ ပေးပြီး ခေါ်ယူဖို့ ပြင်ဆင်ခဲ့ပေမယ့် လီဗာပူးအသင်းက ငြင်းဆိုခဲ့လို့ အပြောင်းအရွှေ့ မဖြစ်မြောက်ခဲ့တာဖြစ်ပါတယ်။

ဒါပေမဲ့ မိုဟာမက်ဆာလာဟာ နွေရာသီဈေးကွက်အတွင်းမှာ စာချုပ် သက်တမ်းကုန်ဆုံးမှာဖြစ်လို့ လီဗာပူးအသင်းအနေနဲ့ မိုဟာမက်ဆာလာ အပါအဝင် နောက်တန်းကစားသမားတွေဖြစ်တဲ့ ဗန်ဒိုက်နဲ့ အာနိုးတို့ကိုလည်း စာချုပ်သစ်ထပ်တိုးချုပ်ဆိုဖို့ ဆန္ဒရှိနေတာ ဖြစ်ပါတယ်။ မိုဟာမက်ဆာလာဟာ လက်ရှိအချိန်မှာ တစ်ပတ်လုပ်ခလစာ ပေါင် သုံးသိန်းခွဲရရှိနေတာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ဘုန်းမောက်အသင်းကို မိုဟာမက်ဆာလာရဲ့ သွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့လို့ ပရီမီယာလိဂ် ၂၃ ပွဲမှာ ရမှတ် ၅၆ မှတ်ရရှိထားပြီး အာဆင်နယ်အသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ် မတိုင်မီ အမှတ်ပေးဇယား ဒုတိယနေရာက အာဆင်နယ်အသင်းကို ကိုးမှတ်ဖြတ်ကာ ပရီမီယာလိဂ်အမှတ်ပေးဇယား ထိပ်ဆုံးမှာ ရပ်တည်နေတာဖြစ်ပါတယ်။ အာဆင်နယ်အသင်းက အိမ်ကွင်းမှာ မန်စီးတီးအသင်းကို အနိုင်ရခဲ့မယ်ဆိုရင်တော့ ခြောက်မှတ်သာ ဖြတ်ထားနိုင်တော့မှာ ဖြစ်ပါတယ်။

ဘုန်းမောက်အသင်းကတော့ အခု ဘောလုံးရာသီ လက်ရှိအချိန်မှာ အဆင့်(၄)စာရင်းဝင်ထားတဲ့ အာဆင်နယ်အသင်း၊ မန်စီးတီးအသင်းနဲ့ နော့တင်ဟမ်ဖောရက်စ်အသင်းတို့ကို အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပေမယ့် လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့လို့ လက်ရှိ အဆင့်(၇)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

## တိုက်စစ်မှူးဒမ်ဘီလီ တစ်ပတ်အတွင်း ဒုတိယအကြိမ် ဟက်ထရစ်သွင်းယူ



ပီအက်စ်ဂျီအသင်းနဲ့ ဘရက်စ်အသင်းတို့ ဖေဖော်ဝါရီ ၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြင်သစ်ပထမတန်းပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းက ငါးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ အဲဒီပွဲစဉ်မှာ တိုက်စစ်မှူး ဒမ်ဘီလီက ပီအက်စ်ဂျီအသင်းနဲ့အတူ ဟက်ထရစ် သွင်းယူနိုင်ခဲ့ပါတယ်။

တိုက်စစ်မှူး ဒမ်ဘီလီဟာ ဇန်နဝါရီ ၂၉ ရက်က စတုဂတ်အသင်းကို ပီအက်စ်ဂျီအသင်းက အနိုင်ရရှိခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာလည်း ဟက်ထရစ်သွင်းယူနိုင်ခဲ့တာကြောင့် တစ်ပတ်အတွင်း ဒုတိယအကြိမ်မြောက် ဟက်ထရစ်သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် တိုက်စစ်မှူး ဒမ်ဘီလီဟာ ပီအက်စ်ဂျီအသင်းနဲ့အတူ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ရှစ်ပွဲမှာ သွင်းဂိုး ၁၄ ဂိုးအထိ ရှိလာခဲ့တာဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းကတော့ ဘရက်စ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားဒုတိယနေရာက မာဆေးလ်အသင်းနဲ့ လိုင်ယွန်အသင်းတို့ မယှဉ်ပြိုင်မီ မာဆေးလ်အသင်းကို ၁၃ မှတ်အထိ ဖြတ်ထားနိုင်ခဲ့ပါတယ်။

## ၁၉၉၁ ခုနှစ်နောက်ပိုင်း နော့တင်ဟမ်ဖောရက်စ်အသင်း ပထမဆုံးအကြိမ် ခုနစ်ဂိုးပြတ်နိုင်ပွဲရရှိ



နော့တင်ဟမ်ဖောရက်စ်အသင်းဟာ ဖေဖော်ဝါရီ ၁ ရက်ညပိုင်းက ပရီမီယာလိဂ်ပွဲစဉ်မှာ ဘုန်းမောက်အသင်းကို ခုနစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီလို နိုင်ပွဲရရှိခဲ့ခြင်းဟာ နော့တင်ဟမ်ဖောရက်စ်အသင်းအတွက် ပရီမီယာလိဂ်ဟု အမည်မပြောင်းခင် ၁၉၉၁ ခုနှစ် ဧပြီလက အိမ်ကွင်းမှာ ချယ်လ်ဆီးအသင်းကို ခုနစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီးနောက်ပိုင်း အခုအကြိမ်ဟာ ပထမဆုံးအကြိမ် ခုနစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ခရစ်ဝုဒ်က ဟက်ထရစ်သွင်းဂိုးသွင်းယူပေးခဲ့ပြီး ၁၉၈၇ ခုနှစ် ဒီဇင်ဘာလက ကျူပီအာအသင်းကို ငါးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ နီဂျယ်ကလော့ဂျ်က ဟက်ထရစ်သွင်းယူခဲ့ပြီးနောက်ပိုင်း ခရစ်ဝုဒ်ဟာ နော့တင်ဟမ်ဖောရက်စ်အသင်းအတွက် ပထမဆုံး ဟက်ထရစ်သွင်းယူနိုင်ခဲ့တဲ့ ကစားသမားလည်း ဖြစ်ပါတယ်။

နော့တင်ဟမ်ဖောရက်စ်အသင်းဟာ ဘရိုက်တန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့်အမှတ်ပေးဇယားဒုတိယနေရာက အာဆင်နယ်အသင်းနဲ့ ရမှတ်တူ၊ ဂိုးကွာခြားချက်နဲ့ အမှတ်ပေးဇယား တတိယနေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်



## အက်စ်ပန်ညိုအသင်းကို ရှုံးနိမ့်ခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်အသင်း ဇယားထိပ်၌ ဆက်လက်ဦးဆောင်

စပိန်လာလီဂါပွဲစဉ်(၂၂)အဖြစ် ဖေဖော်ဝါရီ ၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်စ်ပန်ညို အသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်မှာ အက်စ်ပန်ညိုအသင်းက ရီးယဲလ်မက်ဒရစ်အသင်းကို အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန် ၂၁ မိနစ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက ဗီနီစီးယပ်ဂျူနီယာရဲ့ ပင်နယ်တီသွင်းဂိုးရရှိခဲ့ပေမယ့် ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့တာကြောင့် အဝေးကွင်းမှာ နစ်နာခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမရရှိခဲ့ပေမယ့် ဒုတိယပိုင်း ပွဲကစားချိန် ၈၅ မိနစ်မှာ အက်စ်ပန်ညိုအသင်းက ရိုမီရိုရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ အက်စ်ပန်ညို အသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် အမှတ်ပေးဇယားဒုတိယ နေရာက မြို့ခံပြိုင်ဘက် အက်သလက်တီကိုမက်ဒရစ် အသင်းကို တစ်မှတ်ဖြတ်ကာ ဇယားထိပ်မှာဆက်လက် ဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ အက်သလက်တီကို မက်ဒရစ်အသင်းကတော့ ပွဲစဉ်(၂၂)မှာ မာယော့ကာ အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့လို့ သုံးမှတ်အပြည့် ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် အမျိုးသား(အလွတ်တန်း)ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲအား တက်ရောက်ဖွင့်လှစ်



မြစ်ကြီးနား ဖေဖော်ဝါရီ ၂

ကချင်ပြည်နယ်ဘောလုံးအဖွဲ့ချုပ် မြစ်ကြီးနား ယူနန်ဘုံကျောင်း တရုတ်လူငယ်များက ပူးပေါင်းစီစဉ် ကျင်းပသည့် ၂၀၂၅ ခုနှစ် တရုတ်နှစ်သစ်ကူး အထိမ်းအမှတ်အမျိုးသား(အလွတ်တန်း) ဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၃ နာရီခွဲက မြစ်ကြီးနားမြို့ ပြည်နယ်ဘောလုံးကွင်းအတွင်း၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားသည်။ ထို့နောက် မြစ်ကြီးနားယူနန်ဘုံကျောင်း လူငယ်တာဝန်ခံက ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘောလုံးပြိုင်ပွဲ ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်း၊ ကချင်ပြည်နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလအောင်၊ မြစ်ကြီးနားယူနန်ဘုံကျောင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တရုတ်လူငယ်တာဝန်ခံတို့က ဘောလုံးပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ပြိုင်ပွဲဝင်ဘောလုံးအသင်း ခြောက်သင်းအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြပြီး အမှတ်တရ လက်ဆောင်များကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်ပွဲစဉ်အဖြစ် နောင်နန်းလူငယ်အသင်းနှင့် မြစ်ကြီးနား တက္ကသိုလ်အသင်းတို့ စတင်ယှဉ်ပြိုင်ကစားနိုင်ရေး ဘောလုံးကို ကွင်းအတွင်းသို့ ကန်သွင်းဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘောလုံးပြိုင်ပွဲအား အားပေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## MNL ပြိုင်ပွဲတွင် ရေဝတီယူနိုက်တက်နိုင်ပွဲရပြီး တန်းဆင်းဇုန်အန္တရာယ်မှလွတ်ရန် အခြေအနေကောင်း

ရန်ကုန် ဖေဖော်ဝါရီ ၂

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈) စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၂ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ရေဝတီယူနိုက်တက် အသင်းက Dagon Port အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရေဝတီယူနိုက်တက် အသင်းသည် ယခုပွဲနိုင်ခဲ့ကြောင့် တန်းဆင်းဇုန်အန္တရာယ်မှလွတ်ရန် အခြေအနေကောင်းသွားသည်။ Dagon Port အသင်းသည် ယခုပွဲရှုံးပွဲကြောင့် တန်းဆင်းဇုန်အန္တရာယ်မကျရောက်စေရန် လက်ကျန်ပွဲများတွင် အမှားမရှိအောင် ကစားရမည်ဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ပွဲကစတည်းက တိုက်စစ်ဖွင့်ကစားခဲ့သလို အပြန်အလှန်သွင်းဂိုးများလည်း တွေ့မြင်ခဲ့ရသည်။ မိနစ် ၂၀ တွင် ကောင်းမြတ်ကျော်က Dagon Port အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူသော်လည်း ညီညီအောင်က ၃၂၊ ၄၃ မိနစ်တွင် နှစ်ဂိုးပြန်သွင်းကာ ပထမပိုင်း အပြီးတွင် ရေဝတီယူနိုက်တက် အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းအစတွင် တိုက်စစ်မှူး မစ်ချယ်က Dagon Port အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် နှစ်ဂိုးစီ သရေဖြစ်ပြီး လက်ကျန်မိနစ်များမှာ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ ၆၆ မိနစ်တွင် ချမ်းငြိမ်းက ရေဝတီအသင်းအတွက် တတိယဂိုး သွင်းယူသလို ၈၃ မိနစ်တွင် Dagon Port အသင်း ကွင်းလယ်ကစားသမား ရဲဝင်းလှိုင် နှစ်ဝါတစ်နီဖြင့် အထုတ်ခံရသည်။ ရေဝတီအသင်းအတွက် အနိုင်သေချာစေမည့် စတုတ္ထဂိုးကို ၉၀+၁ မိနစ်တွင် အောင်ပြည့်ဖြိုးက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရေဝတီယူနိုက်တက်အသင်းမှ ညီညီအောင်ကရရှိသည်။ ယခုပွဲအပြီးတွင် Dagon Port အသင်းက ၁၅ မှတ်၊ ရေဝတီယူနိုက်တက် အသင်းက ၁၄ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၈) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက် အသင်းနှင့် ရတနာပုံအသင်း၊ YUSC ကွင်း၌ သစ္စာအားမာန် အသင်းနှင့် ဟံသာဝတီယူနိုက်တက် အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-MNL



ရေဝတီယူနိုက်တက်အသင်းနှင့် Dagon Port အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

☆ ကျောဖုံးမှ

ရာသီတက်ချန်ပီယံအသင်းကို နောက်ဆုံးပွဲမှ အဖြေထွက်ပေါ်ခဲ့ပြီး ပွဲစဉ် (၈) အပြီးတွင် ထိပ်ဆုံး၌ နှစ်မှတ်သာကွာဟသည့် MIU အသင်းနှင့် MH Dream Team အသင်းတို့ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ နှစ်သင်းစလုံးတွင် နိုင်ငံခြားသားကစားသမားများပါဝင်သလို လက်ရွေးစင်အဆင့်ကစားသမားများလည်း ပါဝင်သဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး MIU အသင်းက အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပွဲအစ နှစ်မိနစ်တွင် ဆာရီဇ်က MH Dream Team အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၁၉ မိနစ်မှာ MIU အသင်း ချေပဂိုးပြန်ရကာ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် MIU အသင်းက ဂိုးများဆက်တိုက်ရခဲ့ပြီး ၂၈ မိနစ်တွင် မင်းခန့်နှင့် ၃၈ မိနစ်တွင် ကိုကိုလွင်က သွင်းယူခဲ့ခြင်းဖြစ်သည်။

၃၉ မိနစ်တွင် ငြိမ်းမင်းစိုးက MH Dream Team အသင်းအတွက် ချေပဂိုးပြန်သွင်းသော်လည်း ပွဲပြီးအထိ ဂိုးထပ်မသွင်းနိုင်သဖြင့် ယခုရာသီပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ အခြားပွဲများတွင် ဖူဆယ်ချစ်သူအသင်းက Generations အသင်းကို သုံးဂိုး-တစ်ဂိုး၊ YRG အသင်းက YCDC Marga အသင်းကို သုံးဂိုး-တစ်ဂိုး၊ M2K အသင်းနှင့် SGF အသင်း သုံးဂိုးစီသရေ၊ VUC အသင်းနှင့် Winner Soccer အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။

ပထမအကျော့အပြီးတွင် MIU အသင်းက ရမှတ် ၂၅ မှတ်ဖြင့် ရာသီတက်ချန်ပီယံအဖြစ်ရပ်တည်နိုင်ခဲ့ပြီး MH Dream Team အသင်းက ရမှတ် ၂၀၊ YRG အသင်းက ၁၈ မှတ်၊ Generations အသင်းက ၁၄ မှတ်၊ M2K အသင်းက ၁၂ မှတ်၊ VUC အသင်းက ၁၁ မှတ်၊ YCDC Marga အသင်းက ရှစ်မှတ်၊ ဖူဆယ်ချစ်သူအသင်းက ခုနစ်မှတ်၊ Winner Soccer အသင်းက ခြောက်မှတ်၊ SGF အသင်းက လေးမှတ်ရရှိထားသည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF

❋ MFF မှ

Middle Shan State အသင်းတို့က အမှတ်မရသေးပေ။ မန္တလေးဇုန်တွင် STNM အသင်းက အနီးစခန်းအသင်းကို ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရပြီး ရွှေပလိပ်အသင်းနှင့် Youth Soccer Future အသင်း နှစ်ဂိုးစီသရေကျခဲ့သည်။ မန္တလေးဇုန် ပွဲစဉ် (၁) အပြီးတွင် STNM အသင်းနှင့် Sparrow အသင်းတို့က သုံးမှတ်စီ၊ ရွှေပလိပ်အသင်းနှင့် Youth Soccer Future အသင်းတို့က တစ်မှတ်စီရထားပြီး စစ်ကိုင်းယူနိုက်တက်နှင့် အနီးစခန်းအသင်းတို့မှာ အမှတ်မရသေးပေ။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF

## ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ (ပထမ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဖေဖော်ဝါရီ ၂

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမြဲခန့်မှ ထိုထက်ချန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၇၉ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၀ ဒီဂရီဖာရင်ဟိုက်မှ ၈၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၀ ဒီဂရီဖာရင်ဟိုက်မှ ၉၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၃၇ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄၇ ဒီဂရီဖာရင်ဟိုက်မှ ၅၇ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅၈ ဒီဂရီဖာရင်ဟိုက်မှ ၆၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅၇ ရာခိုင်နှုန်းမှ ၆၈ ရာခိုင်နှုန်းအတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၉ ရာခိုင်နှုန်းမှ ၇၉ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း) တို့တွင် ၈၀ ရာခိုင်နှုန်းမှ ၈၉ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၂၂ မီလီမီတာမှ ၃၀ မီလီမီတာ အတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၃၁ မီလီမီတာမှ ၃၉ မီလီမီတာအတွင်းနှင့် မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၄၀ မီလီမီတာမှ ၅၀ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

မိုး/ဇလ

## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ နမ့်စန်ခရိုင်အတွင်းရှိ လမ်းအထူးအဖွဲ့(၄)နှင့် လမ်းအထူးအဖွဲ့(၅)တို့၏ ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများမှရရှိသော ကတ္တရာပေပါခွံများအား လေလံတင်ရောင်းချရန်အတွက် အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်အတွင်းရှိ လမ်းအထူးအဖွဲ့(၄)နှင့် လမ်းအထူးအဖွဲ့ (၅)တို့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများမှ ရရှိသော ကတ္တရာပေပါခွံများအား (မျက်မြင်အခြေအနေအတိုင်း) သတ်မှတ်ထားသည့် စုပုံကွင်းနေရာတွင် လေလံတင်ရောင်းချလိုပါသည်။

**အိတ်ဖွင့်လေလံအမှတ်စဉ် - (၁/၂၀၂၄-၂၀၂၅)**

(က) လေလံလျှောက်လွှာများ ရောင်းချမည့်ရက် - ( ၅-၂-၂၀၂၅ )ရက်နေ့မှ (၁၈-၂-၂၀၂၅ )ရက်နေ့အထိ နံနက် (၉:၃၀)နာရီမှ (၁၆:၀၀)နာရီအထိ (ရုံးချိန်အတွင်း)

(ခ) PO နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန် - (၁၉-၂-၂၀၂၅)ရက်နေ့ (ဗုဒ္ဓဟူးနေ့) နံနက် (၉:၃၀)နာရီမှ (၁၂:၀၀)နာရီအထိ (ရုံးချိန်အတွင်း)

(ဂ) လေလံလျှောက်လွှာများ ရောင်းချမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့

(ဃ) လေလံစိစစ်/ရွေးချယ်ဖွင့်လှစ်မည့်နေရာ/ရက်/အချိန်/နာရီ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့ (၂၀-၂-၂၀၂၅)ရက်နေ့ (ကြာသပတေးနေ့) နံနက်(၁၀:၀၀)နာရီ

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ နမ့်စန်ခရိုင်သို့ ရုံးချိန်အတွင်း (၀၉-၄၄၄၀၄၅၂၀၂)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လင်းခေးခရိုင်နှင့် လမ်းအထူးအဖွဲ့(၅)တို့၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများမှရရှိသော ကတ္တရာပေပါခွံများအား လေလံတင်ရောင်းချရန်အတွက် အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်အတွင်းရှိ မြို့နယ်/မြို့များနှင့် လမ်းအထူးအဖွဲ့ (၅) တို့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများမှ ရရှိသော ကတ္တရာပေပါခွံများအား (မျက်မြင်အခြေအနေအတိုင်း) သတ်မှတ်ထားသည့် စုပုံကွင်းနေရာတွင် လေလံတင်ရောင်းချလိုပါသည်။

**အိတ်ဖွင့်လေလံအမှတ်စဉ် - (၁)**

(က) လေလံလျှောက်လွှာများ ရောင်းချမည့်ရက် - (၅-၂-၂၀၂၅) ရက်နေ့မှ (၁၈-၂-၂၀၂၅) ရက်နေ့ထိ နံနက် (၉:၃၀)နာရီ မှ (၁၆:၀၀)နာရီအထိ (ရုံးချိန်အတွင်း)

(ခ) (P.O) နောက်ဆုံးတင်သွင်းရမည့်ရက် - (၁၉-၂-၂၀၂၅)ရက်နေ့ (ဗုဒ္ဓဟူးနေ့) နံနက် (၉:၃၀)နာရီမှ (၁၂:၀၀)နာရီအထိ (ရုံးချိန်အတွင်း)

(ဂ) လေလံလျှောက်လွှာများ ရောင်းချမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ လင်းခေးခရိုင်၊ လင်းခေးမြို့

(ဃ) လေလံစိစစ်/ရွေးချယ်ဖွင့်လှစ်မည့်နေရာ/ရက်/အချိန်/နာရီ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ လင်းခေးခရိုင်၊ လင်းခေးမြို့ (၂၀-၂-၂၀၂၅)ရက်နေ့ (ကြာသပတေးနေ့)၊ နံနက် (၁၀:၀၀) နာရီ

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လင်းခေးမြို့သို့ ရုံးချိန်အတွင်း (၀၈၁-၈၇၀၁၂)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၇)ရပ်ကွက်၊ အင်းဝလမ်းသွယ်၊ အိမ်အမှတ် (၁၀၂၃/ခ)၊ ဧရိယာ (ပေ ၂၀x ပေ ၆၀)ရှိ မြေချပါမစ်အမည်ပေါက် ဦးကုလား (W/RGN- 005328)ထံမှ ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ကြည်ကြည် [၁၂/ပဇတ(နိုင်) ၀၄၈၂၈၁]မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီခင် [၁၂/ရကန(နိုင်) ၀၄၈၉၆၃] ကိုင်ဆောင်သူမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများ ကိုင်ဆောင်၍ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**ဒေါ်နီနီခင်**
**[၁၂/ရကန(နိုင်)၀၄၈၉၆၃]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်မို့မို့ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်- ၁၇၂၃၆) (၄-၁၀-၂၀၂၁)**
**အခန်းအမှတ် (၃၀၄)၊ တိုက် ၃၃၊ လေးလွှာ၊**
**ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်း။**
**Ph: 09-420198878**

## “သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း”

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ သရက်ချောင်းမြို့နယ်၊ ပံတောကျေးရွာ၊ ဆင်ဖြူပြင်လမ်း၊ အမှတ် (၁၂၇)နေသူ ကျွန်ုပ်၏ မိတ်ဆွေ ဦးချစ်ဝင်း [၆/သရခ(နိုင်) ၀၇၀၄၈၄]၏ သမီးကြီး ဒေါ်ခင်မာချို [၆/သရခ (နိုင်) ၀၇၃၃၃၄]သည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် ဖခင်အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမှ ကျွန်ုပ်၏ မိတ်ဆွေက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးချစ်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန့်ရှူဂေးခလိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၀၃၅/၁၂)**
**အမှတ်- ၁၀၃၊ သဒ္ဓါရုံလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၀၆၁၃၅၄၊ ၀၉-၇၈၆၅၂၄၅၁၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဆိုလာရေတင်စီမံကိန်း (၄)ခုအတွက်လိုအပ်သော ရေစုပ်စက်ပိုင်းဆိုင်ရာပစ္စည်းများ၊ ဆိုလာစနစ်ပိုင်းဆိုင်ရာပစ္စည်းများနှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၃-၂-၂၀၂၅ ရက်နေ့မှ ၁၀-၂-၂၀၂၅ ရက်နေ့အထိ
တင်ဒါဖွင့်ရက်နှင့်အချိန် - ၁၄-၂-၂၀၂၅ မွန်းလွဲ (၁၄:၀၀)နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား သတ်မှတ်ရက်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ ဖြည့်တင်းရေးဌာနခွဲ-၂၊ ရုံးအမှတ် (၅၀)၊ နေပြည်တော်၊ ဖုန်းနံပါတ်- ၀၆၇-၃၄၃၁၂၉၅၊ ၀၉-၂၅၉၂၇၁၉၁၇၊ ၀၉ -၅၂၄၀၂၁၇၊ ၀၉-၄၄၀၄၅၁၄၄၀ တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၂၉-၂၀၃၀ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကာလအတွက် အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့ အမှိုက်သိမ်းဆည်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့်ဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ အောင်မြေသာစံမြို့နယ်နှင့်ချမ်းအေးသာစံမြို့နယ်တို့ အမှိုက်သိမ်းဆည်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့်ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ( ၄ - ၂ - ၂၀၂၅) (အင်္ဂါနေ့)

(ခ) အိတ်ဖွင့်တင်ဒါ တင်သွင်းရန် စာရင်းပေးသွင်းရမည့် နေ့/အချိန် - (၂၀ - ၂ -၂၀၂၅) (ကြာသပတေးနေ့) (၉:၃၀)နာရီမှ (၁၃:၃၀)နာရီထိ

(ဂ) အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်နေ့ - ( ၂၁ - ၂ - ၂၀၂၅) (သောကြာနေ့)

(ဃ) အိတ်ဖွင့်တင်ဒါ တင်သွင်းမည့်နေရာ - မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ သန့်ရှင်းရေးဌာန

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၃၀၀၀၀/- နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနတွင်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်းရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ်(၃၁၉)၊ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်မှ (တတိယထပ်) (၄ လွှာ-အေ)၊ ဝဲဘက်ခြမ်း၊ အကျယ်အဝန်း (၁၅ပေx၅၅ပေ)ရှိ ရေမီးစုံ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူဖြစ်သော ဦးကြည်သောင်း(ခ)ဦးကျော်မင်းခန့် (အဖ) ဦးစိန်မောင် [၆/ကသန(နိုင်) ၀၀၇၂၄၁]က လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပါသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုမိုဝင်းကို [၉/မနတ(နိုင်)၀၄၇၀၁၃]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားသူ)**
**ဒေါ်မိုမိုဝင်းကို**
**[၉/မနတ(နိုင်)၀၄၇၀၁၃]**

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ရီရီဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၄၈)**
**အမှတ်(၃၁)၊ သီရိမင်္ဂလာလမ်း၊**
**တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၀၀၁၇၇၉၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ နှင်းဆီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၉၊ မြေကွက်အမှတ်- ၁၂၁၆/ခ၊ အလျား (၂၀)ပေx အနံ (၆၀)ပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ မျက်နှာချင်းဆိုင်မှကြည့်လျှင် ဘယ်ဘက်ခြမ်း၊ အလျား(၁၀)ပေx အနံ(၆၀)ပေရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်မြင့်(BHN-၀၁၀၃၂၈)မှ အမည်ပေါက်ပြီး ဒေါ်ဌွေးဌွေးမော် [၁၄/ကခန(နိုင်) ၀၁၂၁၉၀၈]သည် အရပ်ကတိ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားပြီး အရှုပ်အရှင်းကင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရီရီနွယ် [၇/ထတပ(နိုင်) ၀၄၀၃၇၀]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိသွယ်ငြိမ်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၁၃၁၇)**
**အမှတ် (၁၆)၊ (၃)လမ်း၊ နတ်ချောင်းရပ်ကွက်၊တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၅၃၃၈၈၄၊ ၀၉-၄၂၀၁၀၅၃၃၅**




*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။


## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၁/ ကံဘဲ့၊ မြေကွက်အမှတ်(၃/၁၀၄)၊ အကျယ်အဝန်းဧရိယာ (၀.၁၀၉)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ သဇင်ဖြူ(၁)လမ်း၊ အမှတ်(၃/၁၀၄) ဟုခေါ်တွင်သော မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်အေး [၁၂/ဗဟန(နိုင်)၀၈၄၂၆၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်မြလှဲ့ဝင်း(L.L.B)** | **ဒေါ်အေးအေးသိန်း(B.A, PGDL)** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၅)** |

**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph- ၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၁)ရပ်ကွက်၊ လမ်းသစ်အိမ်ရာ၊ Tower (A)၊ (၈)ထပ်၊ အခန်းအမှတ် (A-၈၀၈)၊ [ယခင်တိုက်အမှတ်(၅)၊ အခန်းအမှတ် (၂)၊ လမ်းသစ်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့]ရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် ရန်ကုန်တိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနတွင် မူလဦးစီး ဦးဘရီ အမည်ဖြင့် မှတ်သားတည်ရှိပြီး သမီး ဒေါ်သင်းသင်းဦးထံမှ အရပ်ကတိစာချုပ်ဖြင့် ပြန်လည်ဝယ်ယူထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဦးဝေယံမျိုး [၁၂/စခန(နိုင်) ၀၆၄၂၈၈]အား ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးခင်မာင်အေး [၆/ထဝန(နိုင်)၀၁၉၄၂၈]၊ ဒေါ်ဝင်းရွှေ [၆/ထဝန(နိုင်)၀၀၆၅၄၀]တို့မှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်LL.B (စဉ်-၁၀၀၆၃)** | **ဒေါ်အိဖြိုးဇင်LL.B, DBL (စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း- ၀၉-၄၂၁၀၃၅၉၆၃** | **ဖုန်း- ၀၉-၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ၁/တပင်ရွှေထီးရပ်ကွက်၊ ဗိုလ်တေဇ(၈)လမ်း၊ မြေကွက်အမှတ်- ၃၉၉/ခ၊ မြေအကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးတင်ဝင်း အမည်ပေါက် ပါမစ်မြေမှ ခွဲစိတ်ရောင်းချသည့် (၁၀x၆၀)ပေ (ခြေရင်းခြမ်း) အိမ်ခြံမြေအပါအဝင် ရေ၊ မီး အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုအဆိုပြုသူ ဦးမျိုးအောင် [၁၂/ဒလန(နိုင်)၀၈၉၆၄၄]ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သည့် ဦးလှရွှေ [၁၄/ဖပန(နိုင်) ၀၆၃၄၄၈]နှင့် ဒေါ်မြင့်ကြည် [၁၄/ဒဒရ(နိုင်) ၁၀၀၄၅၈]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုမြတ်လွင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၁၉/၂၀၂၁)**
**တိုက်- ၂၁၅၊ ဒုတိယထပ်၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၆၅၇၈၄၆၈၈**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာမြို့နယ်(အနောက်ခြမ်း)၊ (၉)ရပ်ကွက်၊ လှိုင်းဘွဲ့လမ်း၊ အမှတ် (၂၂၅-B) အခေါ်တွင်သော မြေကွက်အကျယ်အဝန်း အလျား(၁၀)ပေx အနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်အိမ်အပါအဝင် (ရေ+မီးမီတာ)စသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ပိုင်ဆိုင်ပြီးပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မျိုးဟေမာန် (ဘ) ဦးဝင်းမောင် [၁၄/ပတန(နိုင်) ၁၂၉၇၃၅]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းခိုင် (ဘ) ဦးဌေးအောင် [၁၂/လမန(နိုင်) ၁၃၄၅၂၇]သည် ဖော်ပြပါအိမ်ခြံ မြေကွက်အားဝယ်ယူရန်အတွက်၊ စရန်ငွေတစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မင်းမင်းစိုး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၁၄ )**
**ရှေ့နေများရုံးခန်း၊ သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်မင်္ဂလာလမ်း၊ အောင်သိဒ္ဓိရပ်ကွက်၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၆၉၂၂၅၉၄၅၇၊ ၀၉-၇၅၀၁၁၁၀၉၅**

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

## အထူးကြေကွဲဝမ်းနည်းခြင်း

### ဒေါက်တာဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ)

### အသက် (၈၅)နှစ်

ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၊ ပါမောက္ခ ဌာနမှူး(ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင် ကျေးဇူးရှင်ဆရာကြီး ဒေါက်တာ ဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ)သည် ၂၈-၁-၂၀၂၅ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားသည့် အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူး ကြေကွဲဝမ်းနည်းရပါသည်။

**တပည့်- ဒေါက်တာထွန်းအောင်ကျော်**
**ဒေါက်တာမြမြဝင်း**

## ဦးညွန့်ရွှေ

### အသက်(၉၇)နှစ်

ကြို့ပင်ကောက်မြို့နေ (ဦးထွန်းလင်း-ဒေါ်တင့်)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးစောထွန်း-ဒေါ်ဒေါ်ကျော့)တို့၏ သားသမက်၊ (ဦးဇော်ညွန့်-ဒေါ်တူး)၊ (ဒေါ်ကြည်)၊ (ဒေါ်ခင်ခင်ကြီး - ဦးအောင်ညွန့်)တို့၏ ညီ/မောင်၊ (ဒေါ်ခင်ခင်ဆွေ-ဦးညွန့်ခင်)တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ အမှတ် (၉၁)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ [ဒေါ်ရီရီ (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ NICB)]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကြီး-ဒေါ်တိုးတိုးအောင်၊ (ဦးအောင်စိုး)၊ ဒေါ်နုနုရီ-ဦးဝင်းနိုင်၊ ဒေါ်ခိုင်ရွှေဖြူ တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်မင်းသိမ်းကျော်၊ မဖြူစင်သန့်တို့၏ အဘိုး ဦးညွန့်ရွှေသည် ၁-၂-၂၀၂၅ (စနေနေ့) နံနက် ၁၁:၀၅ နာရီ တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြား အပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၂၅ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ရန်ကုန်မြို့ သံလွင်လမ်းနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိုင်းစိုးမြင့်

### အသက် (၇၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ Diamond Inya Palace၊ အခန်းအမှတ် (18)၊ (19)လွှာနေ (ဦးခမ်းလှိုင်-နိုင်းခမ်းလှိုင်)တို့၏ သား၊ (ဦးစံထွန်း-ဒေါ်နွမ်းစိန်)တို့၏ သားသမက်၊ ဒေါ်နန်းခင်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နန်းနှင်းနှင်းဖြူ-ဦးစိုင်းမြထွန်း၊ (နန်းနွမ်းဟွမ်-စိုင်းရန်လုံ)၊ ဒေါ်နန်းမိုခမ်း-ဦးဇော်မျိုးထက်တို့၏ ဖခင်ကြီး၊ မြေး ရှစ်ယောက်၊ မြစ် နှစ်ယောက်တို့၏ အဘိုးသည် ၂-၂-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၅ နာရီခန့်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၂၅ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်/အထက်ရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်( ၃၆၂ )၊ ၄-လွှာ တိုက်မျက်နှာမူလျှင် (ဝဲ)ဟုခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်မိုးမိုးယဉ်နောင် [၁၀/မလမ (နိုင်) ၁၀၄၇၁၇]** ကွယ်လွန်၍ အမွေဆက်ခံသမီးဖြစ်သူ **ဒေါ်နှင်းအဥ္ဇလီ [၁၂/ပဇတ(နိုင်) ၁၃၇၉၉၀]**က မိမိတစ်ဦးတည်းသာလျှင် လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်း မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါသတ်မှတ်ရက်ကျော်လွန် ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**တိုက်ခန်းဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်-၄၀၃၅)** LL.B, DBL, DML, DIL, DLP
**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇)** B.Sc, Hon (IC), HGP, R.L, D.B.L
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂)** အထက်တန်းရှေ့နေ
အမှတ် (၂၇) ၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Tel: 294766 HP: 09-501 7044, 09-250674940

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ"

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မုပွန်ရပ်ကွက်၊ အကွက်အမှတ်(၈၃/မုပွန်ရပ်)၊ ဦးပိုင်အမှတ် (၄၇/ခ)+(၄၈/ခ)၊ မြေချိန်ဧရိယာ(၀.၀၃၉)+(၀.၀၂၁) ဧကရှိ ဘိုးဘွားပိုင်အိမ်ရာမြေကို မူလ အမည်ပေါက်သူ ဦးရာဂျာထံမှ အရောင်းအဝယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်-(၄၇၅/၂၀၂၄)အရ ဦးနေလင်း၊ ဒေါ်စန္ဒာတို့မှ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဦးနေလင်း၊ ဒေါ်စန္ဒာ အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအပေါ် ကန့်ကွက်ရန် ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ မော်လမြိုင်မြို့နယ် မြေစာရင်း ဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှု တစ်စုံတစ်ရာမရ ရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## ဦးစိုးတင့်

### (B.com) (R.A)

### အသက် (၉၀)နှစ်

ရန်ကုန်မြို့နေ (ဦးဘသန်း - ဒေါ်ကျင်)တို့၏ သား၊ မန္တလေးမြို့နေ (ဦးသစ်-ဒေါ်တင်မေ)တို့၏ သားသမက်၊ (ဒေါ်အမာတင်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးသန်းထိုက်စိုး)၊ (ဦးဝင်းထိုက်စိုး)၊ ဦးသက်ပိုင်စိုး-ဒေါ်မြတ်မြတ်စိုးတို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်သိန်းကြွယ်၊ ဦးတင်မောင်-ဒေါ်စိုးရှင်၊ ဦးသိန်းမြင့်-ဒေါ်အုန်းမေ၊ ဦးအုန်းမြင့်-ဒေါ်သီသီမြ၊ ဒေါ်ခင်ခင်အေး၊ (ဒေါက်တာဦးစိုးမြင့်)-ဒေါ်စီစီမြ၊ (ဒေါ်ခင်ခင်သန်း)တို့၏ ချစ်လှစွာသော ညီ/မောင် ဦးစိုးတင့်သည် ၁-၂-၂၀၂၅ (သောကြာနေ့) နံနက် ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးပါကြောင်း ဆွေမျိုးအပေါင်းနှင့် မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအား ရည်စူး၍ ၇-၂-၂၀၂၅ (သောကြာနေ့) နံနက် ၆ နာရီမှ ၁၁ နာရီထိ ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသောကြောင့် အမှတ် (၆၃/A)၊ မြသီရိလမ်း၊ (၃၀)ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## "အများသိစေရန်"

ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်) ကြည့်မြင်တိုင်အနောက် တိုက်နယ်၊ ရပ်ကွက်အမှတ်- ၂၆-F5၊ မြေကွက် အမှတ်(၁၇)၊ (ယခု) ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(မြောက်)ရပ်ကွက်၊ ဗိုလ်စောပုလမ်း၊ အမှတ်(၉၀)၊ မြေအမျိုးအစားဂရန်၊ မြေအကျယ်အဝန်း ( ၇၀'.၈''/၇၀' x၂၅') ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ **ဒေါ်ခင်ခင်**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်သန်းသန်းနွဲ့** [၁၂/ဥကတ(နိုင်)၀၉၈၂၈၃]က ဥပဒေနှင့်အညီ တရားဝင် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါမြေကွက်အပါအဝင် စာရွက်စာတမ်း များကို လက်ရောက်လက်ခံ လွှဲပြောင်းရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါ မြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းနွဲ့ တစ်ဦးတည်းမှသာ ပိုင်ဆိုင်ပါကြောင်းနှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းနွဲ့ ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအာကာလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၅၂၉)၊ အကျယ်အဝန်း အလျား(၆၀)ပေxအနံ(၂၃) ပေရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်အဆောက်အဦ အပါအဝင် ရေ၊ မီတာနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ဒေါ်ကြည်ကြည်မာ[၁၂/အစန(နိုင်)၀၈၈၁၇၆] ကိုင်ဆောင်သူပါ (၆)ဦးတို့က ရောင်းချပိုင်ခွင့်ရှိကြောင်း ၎င်းတို့သာပိုင်ဆိုင်ကြောင်း ပြောကြား သဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီးဖြစ်ပါ သဖြင့် ယင်းအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားစုံလင်စွာဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တင်ပြလွှဲအပ်ချက်အရ-**
**ဒေါ်ရင်ရင်စန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၂၂)**
**ဖုန်း-၀၉-၄၂၀၂၆၉၂၄၇**

## ဦးအောင်ကျော်ဦး

### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံအရှေ့မြို့နယ်၊ ၈/ရပ်ကွက်၊ နေကြာလမ်း၊ အမှတ် (၁၀၉၀)နေ (ဦးသန်းအောင်-ဒေါ်ခင်မွှေး)တို့၏ သား၊ ဒေါက်တာသီတာအောင်၊ ဒေါ်သူဇာအောင်၊ ဒေါ်ခိုင်မာအောင်တို့၏ မောင်၊ ဒုတိယဗိုလ်မှူးကြီးသက်ထွန်း(ငြိမ်း)၊ (ဒေါ်နီလာအောင်) တို့၏ အစ်ကို၊ မနှင်းဝတ်ရည်ဦး၊ မပန်းဝတ်ရည်ဦး၊ မမေမြတ်နိုးဦးတို့၏ ဖခင်၊ ဒေါ်ဖြူဖြူဝင်း၏ခင်ပွန်း ဦးအောင်ကျော်ဦး အသက်(၆၄)နှစ်သည် ၂-၂-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၆:၅၅ နာရီတွင် O.S.C အထူးကုဆေးရုံကြီး၌ ကွယ်လွန် အနိစ္စရောက်ရှိသွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၄-၂-၂၀၂၅ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [နေအိမ်မှ ကားများ ၄-၂-၂၀၂၅ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဗန္ဓုလလမ်းသွယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)ရပ်ကွက်ရှိ ဦးကျော်ဝင်းအမည်ပါ မြေချပါမစ်၊ မြေကွက်အမှတ်(၁၉၀၈)ဟုခေါ်တွင်သော (အလျား ၄၀ပေx အနံ ၆၀ပေ) အနက်မှ (ခေါင်းရင်းဘက်ခြမ်း) (၂၀ပေ x ၆၀ပေ) မြေပေါ်ရှိ အဆောက်အအုံအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၁။ ဦးကျော်လင်းထွန်း [၇/ပခန(နိုင်)၂၈၆၁၈၆]၊ ၂။ ဒေါ်အေးငြိမ်းသူ [၇/ပခန(နိုင်)၃၁၉၈၇၅]တို့မှ ပိုင်ဆိုင်ပါကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်အေးအေးကြူမာ [၁၂/သဃက (နိုင်) ၀၆၅၀၇၆]မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက် အတွင်း ခိုင်မာသောစာချုပ်စာတမ်း (မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဒေါ်အေးအေးကြူမာ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးနန္ဒာအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၄၃)**
**အမှတ် (၄၉၉)၊ ငမိုးရိပ် (၅)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၇၇၄၄၀၉၁၆၈**

## ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၉၊ လှူနေရပ်ကွက်အမှတ်-၆၊ ရောဝတီလမ်း၊ မြေကွက်အမှတ်- ၆၆(ခ)၊ အကျယ်ပေ(၂၀x၆၀)ရှိ ဦးတင်လှအမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ အိမ်မြေအား ဂရန်အမည်ပေါက်ပိုင်ရှင် ဦးတင်လှ၏ဇနီးဖြစ်သူ ဒေါ်အမာရီထံမှ (၁၂-၁၁-၂၀၂၂)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်ထားသူ ပိုင်ရှင် ဦးရဲဇာနည်မောင် [၁၂/ကမရ(နိုင်)၀၆၂၅၀၇]ထံမှ ဝယ်ယူရန် အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်သန်းမြင့် ကိုယ်စား ဦးသန်း ကျော်မောင် [၈/ရနခ(နိုင်)၁၄၄၈၉၂]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေပိုင်ဆိုင်မှု နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက် အတွင်း အိမ်မြေပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ် ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ခင်သန်းမြင့်** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၈/ခမန(နိုင်)၀၈၃၄၄၄]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **ဩဇာတောကျေးရွာ၊** | **အမှတ်- ၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| **ချောက်မြို့နယ်၊** | **(၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| **မကွေးတိုင်းဒေသကြီး။** | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဦးပိုင်အမှတ်- ၂၂-က၊ မြေကွက်အမှတ်-၂၇(ကျိုက်ဗောမိတောင်)၊ အကျယ်အဝန်း(အလျား ၂၅' x အနံ ၆၀')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင် မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ စပါယ်လမ်း၊ အမှတ်-၁၇ ဟုခေါ်တွင်သော နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ် အဆက်စပ် စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာသူ ဦးကျော်သိန်း (ခ) ရန်ဂါရာ(ဘ) ဦးဆပ်သရား [၁၂/သလန(ပြု) ၀၀၀၀၅၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသီတာလင်း [၁၂/ဒလန(နိုင်)၀၅၈၉၂၄] က အဆိုပါမြေနှင့်အိမ်ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဒေါ်အေးမင်းသန့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၅၉)**
**အမှတ်-၈၃၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ (၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၀၂၇၈၃၃**

## လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **MNDAA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့အား ၂-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်က အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီးဖြစ်...**

❖ **ထို့ကြောင့် ၎င်းတို့နှင့် ဆက်နွှယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

# ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ ရှားပါးစာရင်းဝင် ဘင်္ဂလားကျား၊ ဝက်ဝံမျိုးစိတ်နှင့် တောရိုင်းတိရစ္ဆာန်များ ကျက်စားနေထိုင်မှုကို မှတ်တမ်းတင်စာရင်းပြုစုလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်အတွင်း တည်ရှိသည့် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ ရှားပါးစာရင်းဝင် ဘင်္ဂလားကျား၊ ဝက်ဝံမျိုးစိတ်နှင့် တောရိုင်းတိရစ္ဆာန်များ၏ ကျက်စားနေထိုင်မှုကို ကင်မရာထောင်ချောက် ၂၄ လုံး တပ်ဆင်၍ ရက် ၉၀ ကြာ မှတ်တမ်းတင်စာရင်းပြုစုနေကြောင်း ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

"ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဟာ ဘင်္ဂလားကျား၊ ဝက်ဝံ၊ နို့တိုက်သတ္တဝါနဲ့ ငှက်အပါအဝင် ရှားပါးသတ္တဝါတွေ ကျက်စားတဲ့ ဘေးမဲ့တောဖြစ်ပါတယ်။ သူတို့ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့၊ သူတို့ရဲ့ ကျက်စားနေထိုင်မှုကို လေ့လာသိရှိနိုင်ဖို့ ကင်မရာထောင်ချောက် ၂၄ လုံးကို ပြီးခဲ့တဲ့ ဒီဇင်ဘာလမှာ တပ်ဆင်ခဲ့ပြီးတော့ ဖေဖော်ဝါရီ ဒုတိယပတ်မှာ ကင်မရာတွေ ဖြုတ်သိမ်းမှာပါ။ ကင်မရာထောင်ချောက်တွေ ဖြုတ်သိမ်းစစ်ဆေးတဲ့အခါ

စာမျက်နှာ ၁၂ ကော်လံ ၃ သို့ ○



ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ကျက်စားလျက်ရှိသည့် ဘင်္ဂလားကျားကို တွေ့ရစဉ်။

**ယနေ့ ဖတ်စရာ**


**မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ**
စာမျက်နှာ » ၇

**လေထုညစ်ညမ်းမှုအန္တရာယ် သတိပြုကာကွယ်**
ဆောင်းပါး စာမျက်နှာ » ၁၇

**တိုက်စစ်မှူး မိုဟာမက်ဆာလာ ပရီမီယာလိဂ်သမိုင်းတစ်လျှောက် ခြောက်ဦးမြောက် ဂိုးသွင်းအများဆုံးကစားသမားဖြစ်လာ**
စာမျက်နှာ » ၂၅


## MFF ယူ-၁၅ လိဂ် တောင်ကြီးဇုန်နှင့် မန္တလေးဇုန်ပွဲစဉ်များ ဆက်လက်ကျင်းပ



ရွှေပလိပ်အသင်းနှင့် Youth Soccer Future အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် ဖေဖော်ဝါရီ ၂

MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ တောင်ကြီးဇုန်နှင့် မန္တလေးဇုန် ပွဲစဉ် (၁) ဒုတိယနေ့ကို ဖေဖော်ဝါရီ ၂ ရက်က ဆက်လက်ကျင်းပသည်။

**အနိုင်ရ**

တောင်ကြီးဇုန်တွင် အင်းလေးလူငယ်အသင်းက Middle Shan State အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ တောင်ကြီးဇုန် ပွဲစဉ် (၁) အပြီးတွင် အင်းလေးလူငယ်အသင်းနှင့် ရှမ်းအရှေ့ (TCL Academy) အသင်းတို့က သုံးမှတ်စီ၊ ရှမ်းတောင်အသင်းနှင့် Paoh Newgeneration အသင်းတို့က တစ်မှတ်စီရထားပြီး Paw Muu Region အသင်းနှင့်

စာမျက်နှာ ၂၆ ကော်လံ ၃ သို့ ✻

## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲတွင် MIU အသင်း ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်

ရန်ကုန် ဖေဖော်ဝါရီ ၂

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၉) ကို ဖေဖော်ဝါရီ ၂ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ MIU အသင်း ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်ခဲ့သည်။

စာမျက်နှာ ၂၆ ကော်လံ ၃ သို့ ☆



MIU အသင်းနှင့် MH Dream Team အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။